# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်) သွားရာ(မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်၊ ကြာသပတေးနေ့။ Thursday, 25 December 2025 ၁၂၀၄၂


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စွမ်းအင်ပြတိုက်ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

# စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀)ပြည့် ပတ္တမြားရတု သန်လျင်ရေနံချက်စက်ရုံရာပြည့်နှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပ

## တိုင်းပြည်နှင့် ပြည်သူများ၏ အကျိုးစီးပွားတိုးတက်စေရန်ရည်မျှော်ပြီး စွမ်းအင်များအစဉ်ထာဝရပြည့်ဖြိုးနေစေရန်နှင့် နိုင်ငံ၏အဖိုးတန်သဘာဝသယံဇာတများ ရေရှည်တည်တံ့အသုံးပြုနိုင်ရန် စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးလုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၄

စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀)ပြည့် ပတ္တမြားရတု သန်လျင်ရေနံချက်စက်ရုံ ရာပြည့်နှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**

**မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်လှူဒါန်း**

စာမျက်နှာ » ၅

**တောင်ငူမြို့ မြို့ရှောင်ရထားလမ်း ဖောက်လုပ်ခြင်းနှင့် မြို့ကွက်သစ်တိုးချဲ့စီမံကိန်းဧရိယာနှင့် လွတ်ကင်းမှုမရှိသော လျှပ်စစ်ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည်**

စာမျက်နှာ » ၁၀



**ရောင်စုံပန်းတွေ ဖူးပွင့်တော့မည့် ပြည်ထောင်စု သွေးချင်းတို့မြေ တို့မျှော်နေ …**

ဆောင်းပါး

စာမျက်နှာ » ၁၂

ကြေးမုံ

# အပြန်အလှန်လေးစားမေတ္တာတရား မိသားစုစိတ်ဓာတ်ဖြင့်တွဲဆက်ထား

မျက်မှောက်ကာလ လူသားအားလုံး ခိုလှုံရာကမ္ဘာကြီးတွင် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရားများစွာရှိသည်။ ယုံကြည်မှုများတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဆိုသည့် အဓိကဘာသာကြီးလေးမျိုးရှိသည်။ ဘာသာတရားဆိုသည်မှာ အဆုံးအမတစ်ခုဖြစ်ပြီး ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားနှင့် ကိုယ်ချင်းစာတရားများကို အခြေခံထားသည်ကို တွေ့ရသည်။ ဘာသာတရားအားလုံး၏ မွန်မြတ်သောဘုံရည်မှန်းချက်များမှာ တူညီနေသည်ကို တွေ့ရသည်။

ကိုးကွယ်ရာဘာသာအလိုက် ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများ၏ ညွှန်ပြမှုများကသာ လူသားများအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်သည်ဟု ယုံကြည်သည်။ လူ့အဖွဲ့အစည်းကြီးတစ်ခုမှစတင်ပြီး လူ့အသိုက်အဝန်းကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာဝပြောမှသာ လူသားအားလုံး ရှင်သန်ရပ်တည်ရာ ဤကမ္ဘာကြီးလည်း ငြိမ်းချမ်းသာယာဝပြောမည်ဖြစ်သည်။ လူသားတစ်ဦးနှင့်တစ်ဦးကြားတွင် စွန်းထင်းနေသည့် အမုန်းတရားများ၊ အငြိုးအာဃာတများ၊ မကျေနပ်မှုများသည် လူ့အသိုက်အဝန်း တစ်ခုနှင့်တစ်ခုကြားတွင် နိုင်လိုမင်းထက်မှုများ၊ ညှဉ်းဆဲသတ်ဖြတ်မှုများစသည့် ဒုစရိုက်တရားများ ဆင့်ကဲဆင့်ကဲဖြစ်ပေါ်စေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၂၃ ရက်နေ့က ပြုလုပ်သည့် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်၍ “ဘာသာတရားများ၏ အဆုံးအမများဖြစ်သည့် ချစ်ခြင်းမေတ္တာ၊ ကရုဏာတော်များကသာလျှင် ဒုစရိုက်တရားများကို ပယ်ဖျက်နိုင်မည်ဖြစ်ပြီး လွှမ်းခြုံလာသည့် ချစ်ခြင်းမေတ္တာများနှင့် အေးချမ်းသာယာသည့် ကမ္ဘာကြီးအဖြစ် ဖန်တီးနိုင်မည်ဖြစ်သည်”ဟု ပြောကြားခဲ့သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်လည်း မတူကွဲပြားသည့် လူ့အသိုက်အဝန်းများအကြား ချစ်ခြင်းမေတ္တာ၊ ကရုဏာတရားများဖြင့်သာ ငြိမ်းချမ်းသာယာဝပြောသော လူ့ဘောင်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုးကွယ်ခွင့်ဆိုင်ရာတို့နှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ ဥပဒေပုဒ်မ ၃၄ တွင် “ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်”ဟု အတိအလင်းပြဋ္ဌာန်းထားသည်။ ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် မည်သည့်ဘာသာမဆို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပေးထားပြီးဖြစ်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာဝင်များနှင့် အခြားသောဘာသာဝင်များသည် ရှေးနှစ်ပေါင်း မြောက်မြားစွာကတည်းက ယှဉ်တွဲမှီတင်းနေထိုင်လာခဲ့ကြသည်။ မည်သို့ပင် ကိုးကွယ်ယုံကြည်ရာကွဲပြားသော်လည်း ဘာသာဝင်အချင်းချင်းကြားတွင် ထိပါးစော်ကားခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ထိခိုက်နစ်နာစေလိုခြင်းအလျှင်းမရှိဘဲ အပြန်အလှန်လေးစားမှုတရားများကို မဏ္ဍိုင်ပြုကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ဆွေမျိုးရင်းချာစိတ်ထားပြီး နိုင်ငံတော်၏ကောင်းရာကောင်းကျိုး၊ မိမိဒေသ၏ ကောင်းရာကောင်းကျိုးအတွက် ဆောင်ရွက်နေကြသည်။ ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် မတူကွဲပြားသော လူမျိုးများ၊ ဘာသာဝင်များ စုပေါင်းနေထိုင်ကြသော်လည်း မတူကွဲပြားသော လူမျိုးများအကြား တစ်နှင့်တစ်ဦး မေတ္တာ၊ စေတနာ၊ ကရုဏာတရားများထားကာ အတူယှဉ်တွဲရပ်တည် နေထိုင်လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ဘာသာတရားတိုင်းတွင် အကျင့်တရား၊ စောင့်ထိန်းအပ်သည့်တရားဆိုသည့် ဘုံသဘောတူညီမှုများ ရှိထားပြီးဖြစ်၍ အဆိုပါအကျင့်တရားများသည် စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်မှုအား အဓိကအခြေခံထားသည်ကို တွေ့ရသည်။ စိတ်ပိုင်းဆိုင်ရာ ဖြူစင်သန့်ရှင်းမှုများသည် လူသားများအတွက် ရုပ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းသော ဖွံ့ဖြိုးတိုးတက်မှုများကို အင်အားကြီးမားစွာ အထောက်အပံ့ပေးနိုင်သည်။ လူမှုအသိုက်အဝန်းတစ်ခုလုံးကို စည်ပင်သာယာဝပြောအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သဖြင့် မွန်မြတ်သောအဆုံးအမများအဖြစ် ခိုင်ခိုင်မာမာယုံကြည်လျက်ရှိသည်။

သို့ဖြစ်ရာ ဘာသာတရားများအပေါ်အခြေခံပြီး ဖြစ်တည်လာသည့် ငြိမ်းချမ်းခြင်းကို ကိုယ်စီလက်ကိုင်ထား၍ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလမ်းကြောင်းပေါ်တွင် ငြိမ်းချမ်းစွာ အတူလျှောက်လှမ်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်အပြည့်ဖြင့် ဆွေမျိုးရင်းချာစိတ်ထားပြီး နိုင်ငံကောင်းရာကောင်းကျိုး ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

တောင်ငူ ဒီဇင်ဘာ ၂၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်မျိုးသည် တောင်ငူခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ လုပ်ငန်းအရည်အသွေးထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ တောင်ငူခရိုင်အတွင်းရှိ ကျေးလက်လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် တာဝန်ရှိသူများသည် ရေတာရှည်မြို့နယ်အတွင်း ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ (GRF) ရန်ပုံငွေကျပ်သန်း ၁၅၀ ဖြင့် ဆောင်ရွက်သည့် သပြေတန်း - ထန်းကုန်း - ဇလုပ်ကြီးလမ်းပေါ်ရှိ ရွာဝင်သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဒီဇင်ဘာ ၂၄

ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ ၄၅ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၂၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းခတ်မြို့၏ အနောက်တောင်ဘက် ၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၆၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၄၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၂၄ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၀၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၄ - ၁၂ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၄,၀၄၃ | ၃၄,၆၃၆,၇၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၂,၃၂၆ | ၈,၃၀၄,၂၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၀၂ | ၈၀၅,၈၀၀ |
| FPB | ၂,၄၅၀ | ၂,၄၅၀ | ၁,၀၂၃ | ၂,၄၉၀,၁၅၀ |
| TMH | ၃,၁၅၀ | ၃,၆၀၀ | ၇၁ | ၂၃၃,၁၀၀ |
| EFR | ၁,၅၅၀ | ၁,၆၅၀ | ၅,၄၉၈ | ၈,၇၉၀,၁၅၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၁၀၂ | ၂၀၂,၈၀၀ |
| MAEX | ၃,၁၀၀ | ၃,၁၀၀ | ၅၂ | ၃,၇၆၉,၈၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၀၀ | ၁,၆၄၃ | ၄,၄၄၃,၆၀၀ |
| ASPGB(PLB) | ၂၅,၀၀၀ | ၂၅,၀၀၀ | ၁,၃၅၅ | ၃၃,၈၇၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ တိုင်းရင်းသားမောင်မယ်များနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

**စွမ်းအင်ပြတိုက်ဖွင့်ပွဲ အခမ်းအနား**

ထို့နောက် စွမ်းအင်ပြတိုက်ဖွင့်ပွဲအခမ်းအနားကို ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ကမ္ပည်း မော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ကော်မရှင်အတွင်းရေးမှူးနှင့် တက်ရောက်လာကြသူများက စွမ်းအင်ပြတိုက် ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ပြတိုက် ပြင်ပပြကွက်အား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းအင်ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြကွက်များကို လှည့်လည်ကြည့်ရှုစဉ်။

ဆက်လက်၍ နိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံ ရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ပြတိုက်အတွင်း ခင်းကျင်း ပြသထားသည့် ပြကွက်များအား ပြကွက် တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည် ကြည့်ရှုကြပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စွမ်းအင်ပြတိုက် ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

**စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနား**

ယင်းနောက် အခမ်းအနား အစီအစဉ် ဒုတိယပိုင်းအဖြစ် စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားကို ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူလေးများက "စွမ်းအင်မှသည် စွမ်းအား" တေးသီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့် အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ၁၉၈၅ ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့သည့် စွမ်းအင်ဝန်ကြီးဌာနသည် ယခုအခါ နှစ် (၄၀)ပြည့်မြောက်ပြီး ပတ္တမြားရတုတိုင်ခဲ့ပြီဖြစ်သကဲ့သို့ ၁၉၂၅ ခုနှစ်တွင် စတင် တည်ထောင်ခဲ့သည့် သန်လျင် ရေနံချက်စက်ရုံကြီးသည်လည်း ရာပြည့်ကာလကို ရောက်ရှိလာပြီ ဖြစ်သည့်အတွက် စွမ်းအင်ဝန်ကြီးဌာန အတွက် အောင်မြင်မှု သမိုင်းကြောင်းနှင့်အတူ ဂုဏ်ယူဖွယ်ရာ နှစ်တစ်နှစ်လည်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

စွမ်းအင် ဝန်ကြီးဌာနသည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အသက်သွေးကြောတမျှ လိုအပ်ချက်ဖြစ်သည့် စွမ်းအင်များကို ဖြည့်ဆည်းပေးနိုင်ရန် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် ဌာနဖြစ်ခြင်းကြောင့် နိုင်ငံတော်အတွက် အရေးကြီးသည့် ဌာနတစ်ခုလည်း ဖြစ်ကြောင်း။

စွမ်းအင်ဝန်ကြီးဌာနဟု သီးသန့်ဌာနတစ်ခုအဖြစ် သတ်သတ်မှတ်မှတ် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်မှာ အခုအချိန်တွင် နှစ်ပေါင်း (၄၀) ပြည့်မြောက်တာ ဖြစ်သော်လည်း အမှန်တကယ်တွင် မြန်မာ့ရေနံလုပ်ငန်းသည် ရှေးမြန်မာမင်းများ လက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်သဖြင့် ရှည်လျားသော သမိုင်းကြောင်းရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရေနံလုပ်ငန်းနှင့်ပတ်သက်လာပါက သမိုင်းမှတ်တမ်းကောင်း များစွာရှိသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ရေနံချက်လုပ်ငန်းနှင့် ပတ်သက်၍လည်း ဗြိတိသျှတို့အနေဖြင့် ၁၈၇၁ ခုနှစ် ကတည်းက **“ရန်ကုန်ရေနံကုမ္ပဏီ”** အမည်ဖြင့် ရေနံချက်လုပ်ငန်းကို စတင်ခဲ့သည်ကို သမိုင်းမှတ်တမ်းများအရ သိရှိရကြောင်း၊ ၁၉၂၅ ခုနှစ်တွင် ခေတ်မီနည်းစနစ်များကို အသုံးပြုထားပြီး နေ့စဉ်လည်ပတ် ချက်လုပ်နိုင်စွမ်း ဂါလန် ရှစ်သိန်းရှိသည့် သန်လျင် ရေနံချက်စက်ရုံကြီးကို တည်ဆောက်ခဲ့ကြောင်း။

ထို့နောက်တွင်လည်း သန်လျင်ရေနံချက်စက်ရုံကို အဆင့်ဆင့် တိုးချဲ့တည်ဆောက်ခဲ့ပြီး ရေနံထွက်ပစ္စည်း အမျိုးမျိုးကို ဆက်လက် ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်တွင် ကုန်ကြမ်းရရှိမှု နည်းပါးခြင်း၊ ထုတ်လုပ်သည့် စက်သုံးဆီများ၏ အရည်အသွေးသည် ဈေးကွက်လိုအပ်ချက်ကို မပြည့်မီခြင်းစသည့် အခြေအနေများကြောင့် ယခုစက်ရုံကြီး၏ ရေနံချက်လုပ်ခြင်းလုပ်ငန်းများကို ရပ်နားထားခဲ့ရသည်မှာ ယခုအခါ ရှစ်နှစ်ကျော်ကာလ ရှိလာခဲ့ပြီဖြစ်ကြောင်း။

သို့သော် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ စက်သုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် မကြာခင်ကာလအတွင်း၌ တစ်နှစ်လျှင် တန်ချိန် ငါးသိန်းချက်လုပ်နိုင်မည့် သန်လျင်ရေနံချက် စက်ရုံသစ်ကြီးကို ပထမအဆင့် (Phase I) အနေဖြင့် စတင်လည်ပတ်နိုင်တော့မည် ဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဒုတိယအဆင့် (Phase II) အနေဖြင့် တစ်နှစ်ကို တန်ချိန် သုံးသန်းချက်လုပ်နိုင်မည့် စက်ရုံကို ဆက်လက် အကောင်အထည်ဖော်သွားမည်ဖြစ်သဖြင့် အထူးပင်ဂုဏ်ယူ ဝမ်းမြောက်သည်ကို ပြောကြားလိုကြောင်း။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းအသစ်များ၊ ရေနံမြေအသစ်များ ထွက်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ သက်တမ်းရင့် ရေနံချက်စက်ရုံ၊ ရေနံဓာတုဗေဒစက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံကြီးများ စွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်ရန် ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ ထို့အပြင် လက်ရှိရေနံမြေများမှ ရေနံအထွက်တိုးစေရေး ခေတ်မီနည်းပညာများ အသုံးပြုပြီး ဆောင်ရွက်ရန် တိုင်းရင်းသားရေနံလုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး နည်းစနစ်ကျ ရေနံတွင်းများ တူးဖော်နိုင်ရန်နှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းကွန်ရက်များ အဆင့်မြှင့်တင် နေသည်ကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ခြင်းကြောင့် နိုင်ငံ၏ စွမ်းအင်ကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာမည်ဟုလည်း ယုံကြည်ပါကြောင်း။

စွမ်းအင်ကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ ယခုကဲ့သို့ ဖွံ့ဖြိုး တိုးတက်လာခြင်းသည်လည်း ခေတ်ကာလအဆက်ဆက် စွမ်းအင်ဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ ကာယ၊ ဉာဏလုပ်သားများ အားလုံးပေါင်းစည်းပြီး တက်ညီလက်ညီ ဆောင်ရွက်ပေးခဲ့ကြခြင်းကြောင့်သာဖြစ်ကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှု စွမ်းပကား၏ အသီးအပွင့်များဖြစ်သည့် တိုးတက် အောင်မြင်မှုများအတွက် နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ဝန်ထမ်းအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံများအနေဖြင့် ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးကဲ့သို့ ရုပ်ကြွင်းလောင်စာများ၊ နျူကလီးယားစွမ်းအင်များအပြင် ရေစွမ်းအင်၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝဒြပ်ထုနှင့် ဟိုက်ဒရိုဂျင်စသည့် ပြန်ပြည့်မြဲ စွမ်းအင်အရင်းအမြစ်များကိုပါ တိုးချဲ့ရှာဖွေပေါင်းစပ်ပြီး Energy Mix အနေဖြင့် အသုံးပြုနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီး၏ စွမ်းအင်ဖွံ့ဖြိုးမှုအစီအမံများကို ကြည့်ပါက အနာဂတ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးမြှင့်အသုံးပြုရန် ရည်မှန်းဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ လျင်မြန်စွာ တိုးမြင့်လာနေသည့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကိုလည်း အဓိကမှီခို အသုံးပြုနေရဆဲဖြစ်ကြောင်း။

မိမိတို့ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ပြန်ပြည့်မြဲစွမ်းအင် တိုးမြှင့်အသုံးပြုနိုင်စေရန်အတွက် နေစွမ်းအင်၊ လေစွမ်းအင်တို့မှ လျှပ်စစ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေသကဲ့သို့ စက်သုံးဆီများ အသုံးပြုမှု လျှော့ချနိုင်စေရန် လျှပ်စစ်ကားများကို အစားထိုး အသုံးပြုနိုင်ရေး နိုင်ငံတော်အနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ရေနံနှင့် သဘာဝဓာတ်ငွေ့ လောင်စာများကို ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေအောင် အဆင့်မြင့်နည်းပညာများ အသုံးပြုသုံးစွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိနေသည်ကို ပြောကြားလိုကြောင်း။

ဆက်လက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ အရင်းအမြစ်များကို စနစ်တကျ ရှာဖွေ၊ ဖော်ထုတ်၊ အသုံးပြုသွားရန်အတွက် မိတ်ဆွေနိုင်ငံများက ရေနံကုမ္ပဏီကြီးများအပြင် ပြည်တွင်းတိုင်းရင်းသား လုပ်ငန်းရှင်များနှင့် ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားကြရန်နှင့် နည်းပညာ၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကိုလည်း အရေးကြီးလုပ်ငန်းစဉ်တစ်ခုအဖြစ် တစိုက်မတ်မတ် ဆောင်ရွက်သွားရန် လိုအပ်သည်ကို အလေးထားမှာကြားလိုကြောင်း။

အတွေ့အကြုံများအရ နိုင်ငံတကာ ရေနံကုမ္ပဏီကြီးများကို ဖိတ်ခေါ်ဆောင်ရွက်မှု၏ အကျိုးရလဒ်အနေဖြင့် အကောင်အထည်ဖော်နိုင်ခဲ့သည့် ကမ်းလွန်စီမံကိန်းကြီးများသည် နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကိုပါ ရှာဖွေပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုသို့နိုင်ငံတော်နှင့် အများပြည်သူအတွက် အကျိုးရှိသည့် စီမံကိန်းကြီးများ ထပ်မံဖော်ထုတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်သည်ကိုလည်း တိုက်တွန်းမှာကြားလိုကြောင်း။

ယခုအခါ စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးတွင် AI နည်းပညာအသုံးပြုနိုင်ရေး၊ 3D Seismic နည်းပညာ အသုံးပြုနိုင်ရေးနှင့် ရေနံချက်လုပ်ခြင်း အပိုင်းတွင်လည်း ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ပြီး အဆင့်မြင့်စက်သုံးဆီများ ကိုယ်တိုင်ချက်လုပ်ထုတ်လုပ်နိုင်ရေး၊ ဓာတ်မြေဩဇာစက်ရုံများ ထပ်မံတည်ဆောက်နိုင်ရေးအပါအဝင် နည်းပညာမြှင့်တင်ရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် **နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေးအထိ** ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဖြည့်စွက် ပြောကြားလိုသည်မှာ သက်ဆိုင်ရာဌာနများ အနေဖြင့်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သည့် နေရာတွင် လုပ်ငန်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းမှတ်တမ်းများကိုလည်း ခိုင်ခိုင်မာမာပြုစုထားရန် လိုအပ်ကြောင်း၊ သမိုင်းမှတ်တမ်းဆိုသည်မှာ မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များ ကြိုးပမ်းအားထုတ်မှုများကို ရေရှည်တည်တံ့နေစေမည့် မှတ်ကျောက်နှင့် အထောက်အထားပင်ဖြစ်ကြောင်း။

ထိုသို့ သမိုင်းမှတ်တမ်းများ ထားရှိမှသာ နောင်လာမည့် မျိုးဆက်သစ်များအနေဖြင့် မိမိတို့၏ စွမ်းဆောင်ချက်များကို လေ့လာသိရှိနိုင်မည်ဖြစ်ကြောင်း၊ ယခု စွမ်းအင်ပြတိုက်တွင် ခင်းကျင်းပြသထားသည့်အတိုင်း သမိုင်းမှတ်တမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ပုံစံငယ်များကိုလေ့လာပြီး အများပြည်သူအနေဖြင့် ခေတ်အဆက်ဆက် ဖြစ်ပေါ် တိုးတက်လာမှုများကို လေ့လာသိရှိနိုင်မည် ဖြစ်သဖြင့် စွမ်းအင်ဝန်ကြီးဌာန အနေဖြင့်လည်း စွမ်းအင်ပြတိုက်ကို အခုထက်ပိုပြီး ပြည့်ပြည့်စုံစုံနှင့် ဖွံ့ဖြိုးတိုးတက်လာရေး တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် မကြာမီတွင် စတင်နိုင်တော့မည့် သန်လျင် ရေနံချက်စက်ရုံသစ်စီမံကိန်းကဲ့သို့ နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးကို မြှင့်တင်ပေးနိုင်မည့် အရေးကြီးသည့် စီမံကိန်းကြီးများစွာကိုလည်း အောင်မြင်စွာဖြင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆန္ဒပြုတိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

- ❖ **ယခုအခါ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေရေးတွင် AI နည်းပညာအသုံးပြုနိုင်ရေး၊ 3D Seismic နည်းပညာ အသုံးပြုနိုင်ရေးနှင့် ရေနံချက်လုပ်ခြင်းအပိုင်းတွင်လည်း ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ပြီး အဆင့်မြင့်စက်သုံးဆီများ ကိုယ်တိုင်ချက်လုပ် ထုတ်လုပ်နိုင်ရေး၊ ဓာတ်မြေဩဇာစက်ရုံများ ထပ်မံတည်ဆောက်နိုင်ရေးအပါအဝင် နည်းပညာမြှင့်တင်ရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်နေပြီဖြစ်**
- ❖ **အဆိုပါလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်အတွက် စွမ်းအင်ဖူလုံမှုမှသည် စွမ်းအင်အမှီအခိုကင်းရေးအထိ ရည်မှန်းချက်ထားဆောင်ရွက်**

☆ စာမျက်နှာ ၄ မှ

ဆက်လက်၍လည်း စွမ်းအင်ဝန်ကြီးဌာန၏ဆောင်ပုဒ်ဖြစ်သည့် **“စွမ်းအင်ပြည့်ဖြိုး နိုင်ငံ့အကျိုး”** ဆိုသည့်အတိုင်း တိုင်းပြည်နှင့် ပြည်သူများ၏ အကျိုးစီးပွား တိုးတက်စေရန် ရည်မှျော်ပြီး စွမ်းအင်များ အစဉ်ထာဝရပြည့်ဖြိုးနေစေရန်နှင့် နိုင်ငံ၏အဖိုးတန် သဘာဝသယံဇာတများ ရေရှည်တည်တံ့ အသုံးပြုနိုင်ရေးအတွက် စွမ်းအင်ဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးလုပ်ငန်းစဉ်များကို စွမ်းစွမ်းတမံ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုအချိန်ကာလ၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်ကာလမှသည် နိုင်ငံတော်အတွက် ရတုအဆက်ဆက် ဆက်လက်အခွန့်ရှည် တည်တံ့အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ် ဂါရဝပြုလက်ဆောင်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်Documentary Movie ကို ကြည့်ရှုကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းထုတစ်ရပ်လုံးကို စိတ်ဓာတ်ခွန်အား မြှင့်တင်ပေးရန်ရည်ရွယ်၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကိုယ်တိုင်ရေးသားစပ်ဆိုထားသည့် စွမ်းအင်ဝန်ကြီးဌာန ဂုဏ်ပြုကဗျာကို တေးသံရှင် ဟေမာနေဝင်းက ဂုဏ်ပြုရွတ်ဆိုထားမှုအား ဖွင့်လှစ်ပြသပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က စွမ်းအင်ဝန်ကြီးဌာန နှစ် (၄၀)ပြည့် ပတ္တမြားရတုနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ် ဂါရဝပြုလက်ဆောင်ကို ပေးအပ်စဉ်။

# စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်ကို အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် ဖွင့်လှစ်

နေပြည်တော် ဒီဇင်ဘာ ၂၄



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်ရေနံချက်စက်ရုံဝင်းအတွင်း၌ စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင် ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်ကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ စွမ်းအင်ပြတိုက်တွင် ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ကာလအထိ ခေတ်အလိုက်စုစည်းပြသထားသောပြကွက်များ၊ သမိုင်းကြောင်းများ၊ အထောက်အထားစာရွက်စာတမ်းများ၊ ပုံစံငယ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းကိရိယာများ၊ ရုပ်ကြွပုံစံငယ်များ၊ ကမ်းလွန်လုပ်ကွက်များနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်ပြခန်းများ၊ စက်ရုံပုံစံငယ်များ၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ပြခန်းများကို ရုပ်လုံးရုပ်ကြွပုံစံငယ်များဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

အဆိုပါပြခန်းကို မြန်မာ့စွမ်းအင်ကဏ္ဍ၏ သမိုင်းကြောင်းများကို သိရှိစေရန်၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုသိရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသားကျောင်းသူများအတွက် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့်လုပ်ငန်းစဉ်များကို တစ်နေရာတည်းတွင် သိရှိလေ့လာနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်ပြီး တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ အများပြည်သူနှင့် ကျောင်းသားကျောင်းသူများ လာရောက်လေ့လာနိုင်ရန် ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး စွမ်းအင်ကဏ္ဍနှင့်ပတ်သက်သည့် ဗဟုသုတဖြစ်မည့်စာအုပ်စာတမ်းများနှင့် နှစ်ပတ် တစ်ကြိမ်ထုတ်ဝေသည့် စွမ်းအင်သတင်းလွှာများကိုလည်း ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အတွက် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Ms. Ma Jia နှင့် တာဝန်ရှိသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်စိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး စွမ်းအင်လိုအပ်ချက် မြင့်မားနေသောကြောင့် စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်သည့် နေရောင်ခြည်စွမ်းအင်ကို အသုံးချနိုင်ရန် ယခုကဲ့သို့သော လှူဒါန်းမှုသည် မြန်မာ-တရုတ် နှစ်နိုင်ငံကြား ရှည်ကြာခိုင်မြဲသည့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၏ ထင်ရှားသည့် သာဓကတစ်ရပ်ဖြစ်ရုံသာမက လူသားချင်းစာနာထောက်ထားမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အပံ့တစ်ရပ်ဖြစ်ကြောင်း၊ ယခုလှူဒါန်းမှုအတွက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် ဆက်စပ်ပါဝင်သူအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် အောင်မြင်စွာ လွှဲပြောင်းအပ်နှင်းနိုင်ခြင်းသည် တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ပိုမိုကောင်းမွန်သောသင်ကြားရေးနှင့် သုတေသနပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ရုံသာမက တရုတ်-မြန်မာ စိမ်းလန်းသောစွမ်းအင်နှင့် စိုက်ပျိုးရေးနည်းပညာ ပူးပေါင်းဆောင်ရွက်မှုအတွက် အရှိန်အဟုန်သစ်များ ထပ်မံဖြည့်ဆည်းပေးနိုင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုပုံစံများ ဆန်းသစ်တီထွင်ခြင်း၊ ရေရှည်တည်တံ့သော စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်အားများ ထည့်ဝင်ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် ပေးအပ်လှူဒါန်းခြင်းမှတ်တမ်းလွှာကို ပေးအပ်ရာ စိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစနစ် တပ်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(ပျဉ်းမနား)၌ စက်မှုလယ်ယာဦးစီးဌာနနှင့် မြန်မာနိုင်ငံလယ်ယာသုံးစက်ကိရိယာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် လယ်ယာသုံးစက်ကိရိယာပြပွဲ တတိယနေ့သို့ တက်ရောက်အားပေးသည်။

ဦးစွာ လာရောက်လေ့လာကြသည့် နေပြည်တော် ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ တောင်သူလယ်သမားများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ဒုတိယဝန်ကြီးနှင့် ဌာနမှတာဝန်ရှိသူများက ပြခန်းပြကွက်များအလိုက် ပြသထားသည့် လယ်ယာသုံးစက်ကိရိယာတစ်ခုချင်း၏ အချက်အလက်များကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လေ့လာရေးအဖွဲ့များနှင့်တွေ့ဆုံပြီး သီးနှံများစိုက်ပျိုးရာတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်လျှော့ချနိုင်စေရန် ဖျက်ပိုးနှင့် ရောဂါသံသရာဖြတ်နိုင်စေရေးအတွက် သီးလှည့်စိုက်နည်းစနစ်ကို အသုံးပြုစေလိုကြောင်း၊ လုပ်သားအင်အားရှားပါးလာသည့်အတွက် လယ်ယာသုံးစက်ကိရိယာများကို အကျိုးရှိစွာ အသုံးချနိုင်ရန်နှင့် ကန်သင်းဧရိယာကိုလျှော့ချနိုင်ရန် စနစ်ကျလယ်ယာမြေဖော်ထုတ်ရန်လိုကြောင်း၊ စတင်စိုက်ပျိုးသည်မှ ကုန်ချောထုတ်လုပ်သည်အထိ သီးနှံစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် လိုအပ်သည့် စက်ပစ္စည်းကိရိယာများကို တွင်ကျယ်စွာအသုံးပြုနိုင်ရေး၊ စိုက်ပျိုးသူတောင်သူများအနေဖြင့် စက်မှုလယ်ယာဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ)ဖွဲ့စည်းတည်ထောင်မှု(၇၈)နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## တပ်မတော်(ရေ) အနေဖြင့် ရှိပြီးဖြစ်သည့် ကောင်းမွန်သော အစဉ်အလာများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းလက်ဆင့်ကမ်းကာ တပ်မတော်(ရေ)နှင့် တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းသွားကြရမည်

နေပြည်တော် ဒီဇင်ဘာ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တပ်မတော်(ရေ) ဖွဲ့စည်းတည်ထောင်မှု(၇၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင် ခန်းမဦကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ)ဖွဲ့စည်းတည်ထောင်မှု(၇၈) နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရေတပ်ကွပ်ကဲမှုဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တပ်မတော်(ရေ)၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ဖွဲ့စည်းပေါ်ပေါက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရေတပ်သည် ၁၂ ရာစု ပုဂံခေတ်ကတည်းက အစပြုခဲ့ပြီး ၁၈ ရာစု ကုန်းဘောင်ခေတ်တွင် ရာထူးဌာနန္တရ၊ ဂုဏ်ထူး အဆောင်အယောင်များဖြင့် စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့သော်လည်း ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်လက်အောက် သူ့ကျွန်ဘဝရောက်ရှိခဲ့မှုနှင့်အတူ တိမ်မြုပ်ခဲ့ရကြောင်း၊ ထို့နောက် ၁၉၄၀ ပြည့်နှစ်တွင် ဗမာ့အပျော်တမ်းအရန်ရေတပ်(BRNVR)ကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၄၂ ခုနှစ် ဂျပန်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်စဉ် ဗမာ့အပျော်တမ်း အရန်ရေတပ်ကလည်း အိန္ဒိယကို အင်္ဂလိပ်တို့နှင့်အတူ တချို့တစ်ဝက်ပါသွားခဲ့ပြီး ၁၉၄၂ ခုနှစ် ဇွန် ၂၀ ရက်တွင် ဗမာ့လွတ်လပ်ရေးရေတပ်မတော်(BIN) အဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း။

ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ပြန်လည်ထိန်းချုပ်လာနိုင်ခဲ့ပြီး နောက်လွတ်လပ်ရေးမရမီရက်ပိုင်းအလို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဗမာ့အပျော်တမ်းအရန်ရေတပ်ကို "ဗမာ့ရေတပ်မတော် (Burma Navy)"အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဘိုက ရေတပ်ဦးစီးချုပ်အဖြစ် အင်္ဂလိပ်တို့ထံမှ လွှဲပြောင်းတာဝန်ထမ်းဆောင်ခဲ့ပြီး စတင်တည်ထောင်စဉ်က အရာရှိ ၇၅ ဦး၊ စစ်သည် ၅၀၀နှင့် စတင်ခဲ့ကြောင်း၊ စစ်ရေယာဉ်များအနေဖြင့် ဖရီဂိတ်စစ်ရေယာဉ် (မေယု)၊ မိုင်းရှင်းရေယာဉ်နှစ်စင်းနှင့် တိုက်ရေယာဉ် ၁၂ စင်း စစ်ရေယာဉ် စုစုပေါင်း ၁၅ စင်းဖြင့် စတင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ဖရီဂိတ်စစ်ရေယာဉ်ကြီးများအထိ ကိုယ်ပိုင်ဒီဇိုင်း ရေးဆွဲတည်ဆောက်အသုံးပြုနိုင်ခဲ့ပြီး တိုက်ခိုက်ရေး ရေငုပ်သင်္ဘောစစ်ရေယာဉ်များအပါအဝင် ကုန်းရေနှစ်သွယ် စစ်ဆင်ရေးရေယာဉ်များကိုလည်း အင်အားဖြည့်တင်းနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ထို့ကြောင့်ယခင်က ပင်လယ်ပြင် စစ်ဆင်ရေးများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်နိုင်ခဲ့သည့်ရေတပ်မှ ယခုအခါ သီးသန့်စီးပွားရေးဇုန်နှင့် ပင်လယ်ပြင်နယ်နိမိတ်တစ်လျှောက် စိုးမိုးလှုပ်ရှားနိုင်သည့် ရေတပ်အဖြစ် တက်လှမ်းလာနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကိုကိုးကျွန်းကဲ့သို့ မဟာဗျူဟာအချက်အချာကျသည့် ကျွန်းများအပါအဝင် ကျွန်းကြီး၊ ကျွန်းငယ်ပေါင်း ၁၄၀၀ ကျော်ရှိကြောင်း၊ ရေပြင်နယ်နိမိတ် စတုရန်းမိုင် ၁၄၀၀၀၀ ကျော် ကျယ်ဝန်းပြီး ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများပေါများသည့် ပင်လယ်ကမ်းရိုးတန်း သဘာဝ အလှတရားများစွာတို့နှင့်ပြည့်နှက်နေကြောင်း။

ထိုသို့ရေပေါ်ရေအောက် သယံဇာတပစ္စည်းများ ပေါကြွယ်ဝပြီး အဖိုးတန်လှသည့် မြန်မာ့ပင်လယ်ပြင်ကို ကာကွယ်ရန် ရေပြင်၊ ဝေဟင်၊ ရေအောက် စစ်ဆင်နိုင်သည့် စစ်ရေယာဉ်ကြီးများကို တည်ဆောက် တပ်တော်ဝင်နေသကဲ့သို့ တပ်မတော်(ကြည်း)၊ တပ်မတော် (လေ)တို့နှင့်အတူ ပူးပေါင်းစစ်ဆင်ရေးများ ဆောင်ရွက်ခြင်း၊ စစ်ကူပစ်ကူပေးခြင်း၊ ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ အသီးသီး၏ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ နိုင်ငံတော် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ပစ္စည်းများ သယ်ယူပို့ဆောင်ပေးခြင်း၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အတွက် ပင်လယ်ပြင်သွား တိုက်ခိုက်ရေးစစ်ရေယာဉ်များ၊ မြစ်တွင်းသွား ဘက်စုံသုံးစစ်ရေယာဉ်များ၊ ကမ်းထိုးရေယာဉ်များ၊ ထောက်ပံ့ရေး ရေယာဉ်များနှင့် ဆေးရုံရေယာဉ် တို့ကိုတည်ဆောက် တပ်တော်ဝင်ခြင်းနှင့် လွှဲပြောင်းလက်ခံ အသုံးပြုလျက်ရှိကြောင်း။

၂၁ ရာစုတွင် နိုင်ငံအများစုသည် သမားရိုးကျခြိမ်းခြောက်မှုများ အပြင် သမားရိုးကျ မဟုတ်သော ခြိမ်းခြောက်မှုများ ဖြစ်သည့် ပင်လယ်ဓားပြမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုကူးမှုစသည့် ရေကြောင်းလုံခြုံရေးဆိုင်ရာပြဿနာများကို ရင်ဆိုင် ဖြေရှင်းနေကြရကြောင်း၊ ထိုသို့ ခြိမ်းခြောက်မှုများကို ဖြေရှင်းနိုင်ရန်အတွက် ခေတ်မီပြီး အင်အားတောင့်တင်း ခိုင်မာသည့် ရေတပ်ရှိရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့၏ပိုင်နက် ပင်လယ်၊ သီးသန့်စီးပွားရေးဇုန်၊ ကမ်းရိုးတန်းဒေသများနှင့် နိုင်ငံ၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများကို အပြည်ပြည်ဆိုင်ရာ ပင်လယ်ပြင်ဥပဒေများနှင့်အညီ အပြည့်အဝ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း။

စာမျက်နှာ ၇ သို့ ★



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ရေ) ပြခန်းတွင် တပ်မတော်ရေ အဆင့်ဆင့်တိုးတက်လာမှုသမိုင်းပြခန်းနှင့် သုတေသနပြကွက်များကို လှည့်လည်ကြည့်ရှုစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရေငုပ်သင်္ဘောစစ်ရေယာဉ်(မင်းရဲကျော်ထင်)နှင့် ဖရီဂိတ်စစ်ရေယာဉ်(အောင်ဇေယျ) ဦးဆောင်သော စစ်ရေယာဉ်များက ချီတက်အလေးပြုကြစဉ်။

★ စာမျက်နှာ ၆ မှ

လတ်တလော နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ သာမက ပြည်တွင်းတွင် ဖြစ်ပေါ် ကြုံတွေ့ခဲ့ရသည့် အခြေအနေများ အရ ရေကြောင်းစွမ်းအားအရင်း အမြစ်များသည် မရှိမဖြစ် လိုအပ်သည်ကို တွေ့ရှိရကြောင်း၊ ရေကြောင်းမှ တပ်ဖွဲ့များ၊ ရိက္ခာများ၊ လက်နက်ခဲယမ်းများ သယ်ယူပို့ဆောင်ပေးခြင်းသာမက ပစ်ကူစစ်ကူပေးခြင်းကိုပါ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ရေကြောင်း စွမ်းအားရရှိရေးအတွက် ရေတပ်အင်အားကို တိုးချဲ့ တည်ဆောက်ပေးနေသကဲ့သို့ ကမ်းခြေစောင့်တပ်ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ကြောင်း၊ တပ်မတော်(ရေ)မှဦးဆောင်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့တို့နှင့် အတူတကွလက်တွဲကာ မိမိတို့နိုင်ငံ၏ ရေကြောင်းလုံခြုံရေးကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ရေကြောင်း အကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာ မဟုတ်ဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင် အထိ ကျယ်ပြန့်စွာ တည်ရှိနေသည့်အတွက် တပ်မတော်(ရေ)အနေဖြင့် လွှမ်းခြုံကာကွယ်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ပင်လယ်ပြင် နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံရေတပ်များနှင့် ယှဉ်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားပြီး တိုက်စွမ်းအားကောင်းသည့် စစ်ရေယာဉ်များကို အမျိုးအစားစုံ အချိုးကျကျ ဖွဲ့စည်းထားရှိရန်လိုအပ်ကြောင်း။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ရေယာဉ်(မုတ္တမ)ပေါ်၌ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်ရန်အတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့် လက်နက်စနစ် အသင့်ဖြစ်မှု၊ ရေတပ်သားအသင့်ဖြစ်မှု ဆိုသည့် အသင့်ဖြစ်မှု (၃) ရပ်နှင့် ပြည့်စုံအောင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်ရေယာဉ်အသင့်ဖြစ်မှုအတွက် စစ်ရေယာဉ်များကို တည်ဆောက်တပ်တော်ဝင်သည့်နေရာတွင်လည်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိရန် ဖရီဂိတ်စစ်ရေယာဉ်ကအစ မြစ်တွင်းအမြန်သွား တိုက်ခိုက်ရေးရေယာဉ်များ အဆုံး၊ အထောက်အကူပြု ရေယာဉ်များပါမကျန် အမျိုးအစား စုံလင်စွာ ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

မိမိတို့တပ်မတော်(ရေ)သည် မြစ်တွင်းသွား တိုက်ရေယာဉ်မှ စပြီး ယခုကဲ့သို့ အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့ကြောင်း၊ "ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်များ အရေအတွက်များများ ပိုင်ဆိုင်နိုင်ရေး ဆက်လက်ကြိုးပမ်းနေသကဲ့သို့ မြန်မာနိုင်ငံ၏ ရေပြင်သဘာဝနှင့်ကိုက်ညီသည့် မြစ်တွင်းသွားဘက်စုံသုံး စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက်နိုင်ခဲ့သည့်အတွက် မြစ်တွင်းစစ်ဆင်ရေးများတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်ခဲ့ကြောင်း။

ရေတပ်သား တစ်ဦးချင်းစီ၏ နှလုံးသားထဲတွင် "နိုင်ငံတော်အား ပင်လယ်ပြင်မှ ရှေ့တန်းကျကျ ကာကွယ်နိုင်ရမည်"၊ "နိုင်ငံတော်၏ ရေကြောင်းအကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်နိုင်ရမည်"၊ "ကြည်း၊ ရေ၊ လေ ပူးပေါင်းစစ်ဆင်နိုင်စွမ်းရှိရမည်" ဆိုသည့် တပ်မတော်(ရေ)၏ ရည်မှန်းချက်တာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စွဲမြဲစွာ မှတ်သားထားရမည် ဖြစ်ကြောင်း၊ ကျယ်ပြောလှသည့် မြန်မာ့ပင်လယ်ပြင်ကို ရေတပ်တစ်ခုတည်းဖြင့် ပြည့်ပြည့်စုံစုံကာကွယ်နိုင်ရန် မဖြစ်နိုင်ကြောင်း၊ ကြည်းတပ်၊ လေတပ်၊ ကမ်းခြေစောင့်တပ်ဖွဲ့တို့နှင့် ပေါင်းစပ်ပြီး ကာကွယ်မှသာ နိုင်ငံတော်၏ ရေကြောင်းလုံခြုံရေးအခန်းကဏ္ဍကို ပိုမိုအာမခံနိုင်မည်ဖြစ်ကြောင်း၊ ရေကြောင်းစစ်ဆင်ရေးသည် ဘက်စုံအသွင်ဆောင်သည့် သဘောသဘာဝရှိပြီး မျက်မှောက်ခေတ် ရေကြောင်းစစ်ဆင်ရေးကဏ္ဍကို ထိရောက်အောင်မြင်စွာ စစ်ဆင်နိုင်ရန် စစ်ရေယာဉ်မျိုးစုံပါဝင်ပြီး ခေတ်မီလက်နက်နှင့် လက်နက်စနစ်များ၊ အရည်အချင်း ပြည့်ဝသည့် ရေတပ်သားများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်စစ်ဆင်ရန် လိုအပ်သည့်အပြင် ကမ်းတက်စစ်ဆင်ရေး၊ မြစ်တွင်းစစ်ဆင်ရေး၊ ခြေလျင်အသွင်တိုက်ပွဲဝင်နိုင်ရေးအတွက်ပါ အမြဲစုဖွဲ့လေ့ကျင့်ထားရန်လိုအပ်ကြောင်း။

တပ်မတော်(ရေ)၏ ကဏ္ဍကြီး (၄) ရပ်ကို ထမ်းဆောင်ရာတွင် စစ်ရေးကဏ္ဍအနေဖြင့် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ဟန်ချက်ညီတိုးတက်မှသာ တိုက်ပွဲဝင်အသင့်ဖြစ်သည့် တပ်ဖွဲ့တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ တိုက်စွမ်းအား ရရှိရန်အတွက် စစ်ဆင်မှုနယ်ပယ် (၄) ရပ်တွင် စစ်ဆင်နိုင်မည့် ခေတ်မီ Platform များ၊ စွမ်းရည်မြင့်လက်နက်နှင့် လက်နက်စနစ်များ၊ ဆက်သွယ်ရေးနှင့် အီလက်ထရောနစ်ကိရိယာများကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် ရေပြင်သွား စစ်ရေယာဉ်ကြီးများသာမက ရေငုပ်သင်္ဘောများကိုပါ ရရှိပိုင်ဆိုင်လာခဲ့ပြီး သုံးဘက်မြင်စစ်ဆင်နိုင်စွမ်းရှိသည့် တိုက်ပွဲဝင်အသင့် ရေတပ်အဖြစ် ရောက်ရှိနေပြီဖြစ်ကြောင်း။

ထို့ပြင် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ကိုယ်တိုင်တည်ဆောက် အသုံးပြုလာနိုင်သည့်အတွက် ရေပြင်စစ်ဆင်ရေး၊ ဝေဟင်စစ်ဆင်ရေး၊ ရေအောက်စစ်ဆင်ရေး၊ အီလက်ထရောနစ်စစ်ဆင်ရေး စသည့် စစ်ဆင်မှုနယ်ပယ် (၄)ရပ်စလုံးတွင် တိုက်ပွဲဝင်နိုင်စွမ်းရှိသဖြင့် နောင်တွင် ရေတပ်၏ ကဏ္ဍကြီး (၄) ရပ် ဖြစ်သည့် စစ်ရေးကဏ္ဍ၊ သံတမန်ရေးရာကဏ္ဍ၊ တရားဥပဒေစိုးမိုးရေးကဏ္ဍနှင့် စာနာအကူအညီပေးရေးကဏ္ဍများကိုလည်း ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေး ကဏ္ဍတွင် ပင်လယ်ပြင်တွင်ကြုံတွေ့နေရသည့် သမားရိုးကျ မဟုတ်သော ခြိမ်းခြောက်မှုများ ဖြစ်သည့် တရားမဝင်ငါးခိုးဖမ်းမှု၊ လူ/လက်နက်မှောင်ခို သယ်ဆောင်ဖြတ်သန်းမှု၊ သစ်ခိုးထုတ်မှု၊ တရားမဝင်ပြောင်းရွှေ့နေထိုင်မှု၊ မူးယစ်ဆေးဝါးသယ်ဆောင်မှု၊ ပင်လယ်ဓားပြနှင့် လက်နက်ကိုင် အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင် လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ဥပဒေမဲ့ဖြတ်သန်းသယ်ဆောင်မှုများကို ထိရောက်စွာ တားဆီးနိုင်မှသာ ရေကြောင်းဆိုင်ရာ လုံခြုံမှု (Maritime Security)ကိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

စာနာအကူအညီပေးရေး ကဏ္ဍအနေဖြင့် "အထက်အမိန့်တစ်စုံတစ်ရာ စောင့်ဆိုင်းစရာမလိုဘဲ ချက်ချင်း ဆောင်ရွက်ပေးရန်" မူဝါဒတစ်ရပ်အနေဖြင့် ချမှတ်ပေးထားခဲ့ပြီးဖြစ်ကြောင်း၊ ပင်လယ်ပြင်တွင် ဒုက္ခရောက်နေသည့်သူများကိုကူညီခြင်း၊ နိုင်ငံရပ်ခြားတွင် ဒုက္ခမျိုးစုံကြုံတွေ့နေရသည့် မိမိတို့၏သွေးချင်းတိုင်းရင်းသားပြည်သူများကိုပြန်လည်ခေါ်ဆောင်ခြင်း၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးတာဝန်များ ထမ်းဆောင်ခြင်း၊ မြစ်ဝကျွန်းပေါ်၊ ကမ်းရိုးတန်းတစ်လျှောက် ကျွန်းနေပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ မုတ်သုံရာသီတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ဆိုင်ကလုန်းမုန်တိုင်း၊ ရေကြီးခြင်း၊ မြေပြိုခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေး အန္တရာယ်များနှင့် ကမ္ဘာ့ကပ်ရောဂါခံစားရသည့်ဒေသများတွင် စာမျက်နှာ ၈ သို့ ★

★ တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် ပင်လယ်ပြင်တွင်ကြုံတွေ့နေရသည့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများဖြစ်သည့် တရားမဝင် ငါးခိုးဖမ်းမှု၊ လူ/လက်နက်မှောင်ခိုသယ်ဆောင်ဖြတ်သန်းမှု၊ သစ်ခိုးထုတ်မှု၊ တရားမဝင် ပြောင်းရွှေ့နေထိုင်မှု၊ မူးယစ်ဆေးဝါးသယ်ဆောင်မှု၊ ပင်လယ်ဓားပြနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန် တာဝန်ယူဆောင်ရွက်ကြရမည်

★ မြန်မာ့ပင်လယ်ပြင်အတွင်း တရားမဝင် လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ဥပဒေမဲ့ဖြတ်သန်းသယ်ဆောင်မှုများကို ထိရောက်စွာတားဆီးနိုင်မှသာ ရေကြောင်းဆိုင်ရာလုံခြုံမှု (Maritime Security)ကို အထောက်အကူပြုနိုင်မည်

★ စာမျက်နှာ ၇ မှ

တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့ဝင်များ၏ ကူညီဆောင်ရွက် ပေးနေမှုများသည် ပြည်သူများ၏ အသက်အိုးအိမ် ကာကွယ်ရေးကိုတစ်ဖက်တစ်လမ်းမှ ကာကွယ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို သဘောပေါက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းသည် မိမိတို့တပ်မတော်၏ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် ထားရှိသည့် မွန်မြတ်သည့် စိတ်ထားပင်ဖြစ်ကြောင်း။

သံတမန်ရေးရာကဏ္ဍတွင် အိမ်နီးချင်းနိုင်ငံ ရေတပ်များ၊ အာဆီယံရေတပ်များသာမက နိုင်ငံတကာရေတပ်များနှင့်ပါ စဉ်ဆက်မပြတ် ပူးပေါင်းလေ့ကျင့် ဆောင်ရွက်စေခဲ့ပြီး တပ်မတော်၏အဆင့်အတန်းကို ပြသနိုင်ခဲ့ကြောင်း၊ အာဆီယံရေတပ် ဦးစီးချုပ်များတွေ့ဆုံပွဲ၊ အိမ်နီးချင်းနိုင်ငံ ရေတပ်များ၊ အာဆီယံရေတပ်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ၊ အာဆီယံရေတပ်များ၊ နိုင်ငံပေါင်းစုံ ရေတပ်များနှင့် ပြုလုပ်သည့် လေ့ကျင့်ခန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည့်အတွက် တပ်မတော်(ရေ)အနေဖြင့် သံတမန်ရေးရာကဏ္ဍကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

တပ်မတော်(ရေ)ကို တိုက်ပွဲဝင်အသင့်ဖြစ်စေရေးအတွက် စစ်ရေယာဉ်အသင့်ဖြစ်မှု၊ လက်နက်နှင့်လက်နက်စနစ် အသင့်ဖြစ်မှု၊ ရေတပ်သား အသင့်ဖြစ်မှုဆိုသည့် အသင့်ဖြစ်မှု သုံးရပ်နှင့် ပြည့်စုံအောင် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စစ်သည်တစ်ဦးချင်းအနေဖြင့် ကိုယ်စီကျွမ်းကျင်မှုရှိစေရေး အမြဲမပြတ်လေ့လာလေ့ကျင့်နေရမည်ဖြစ်ပြီး လက်နက်နှင့်လက်နက်စနစ်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်မှုရှိအောင် အသားကျလေ့ကျင့်ရန်လိုအပ်ကြောင်း၊ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ) မျိုးဆက်သစ်အရာရှိ စစ်သည်များကိုလည်း ကောင်းမွန်သည့် အစဉ်အလာကောင်းများ လက်ဆင့်ကမ်းပေးသွားရမည် ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကိုကျေပွန်အောင် ထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားရင်း ယနေ့ကျရောက်သည့် (၇၈) နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့မှသည် နောင်လာမည့် နှစ်ပတ်လည်နေ့များစွာတိုင် တိုက်စွမ်းရည် တိုက်စွမ်းအားမြင့်မားကောင်းမွန်ပြီး နိုင်ငံတော်အတွက် အားထားရသည့် တပ်မတော်(ရေ)အဖြစ် အစဉ်ရပ်တည်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် (၇၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်း Documentary ကို ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ)က တပ်မတော်(ရေ) ဖွဲ့စည်းတည်ထောင်မှု(၇၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် တံဆိပ်၊ တပ်မတော်(ရေ)သမိုင်းမှတ်တမ်းစာအုပ်နှင့် ဓာတ်ပုံ Album တို့ကို ဂါရဝပြုပေးအပ်ပြီး တပ်မတော်(ရေ) အရာရှိများက "ပြည်ထောင်စုညီ ရှေ့သို့ချီ" ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေကြသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်(ရေ)ပြခန်းသို့ သွားရောက်၍ တပ်မတော်(ရေ) အဆင့်ဆင့် တိုးတက်လာမှုသမိုင်း ပြခန်းနှင့် သုတေသနပြကွက်များကို လှည့်လည်ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ) ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူနေစဉ် စစ်ရေယာဉ် (ရန်တိုင်းအောင်)နှင့် စစ်ရေယာဉ် (ရန်ကြီးအောင်)တို့က အမြောက် ၂၁ ချက်ပစ်ဖောက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။ ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရေငုပ်သင်္ဘောစစ်ရေယာဉ် (မင်းရဲကျော်ထင်)၊ ဖရီဂိတ်စစ်ရေယာဉ် (အောင်ဇေယျ)ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ် (ကျန်စစ်သား)၊ ဖရီဂိတ် စစ်ရေယာဉ် (ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ် (တပင်ရွှေထီး)၊ ကမ်းလွန်ကင်းလှည့်ရေယာဉ်(အင်းလေး)၊ ရေငုပ်သင်္ဘော တိုက်ဖျက်ရေး ရေယာဉ် (ရန်ငြိမ်းအောင်)နှင့် ရေငုပ်သင်္ဘော တိုက်ဖျက်ရေး ရေယာဉ်(ရန်ရဲအောင်)၊ အမြန်သွား တိုက်ခိုက်ရေးရေယာဉ် (ဒုံးပျံ) စစ်ရေယာဉ်(၄၉၁)၊ အမြန်သွား တိုက်ခိုက်ရေး ရေယာဉ်(ဒုံးပျံ) စစ်ရေယာဉ်(၄၉၂)တို့က Single Line Formation ပုံစံဖြင့် လည်းကောင်း၊ အမြန်သွား တိုက်ခိုက်ရေး ရေယာဉ် စစ်ရေယာဉ် (၅၆၄)၊ (၅၆၆)၊ (၅၅၆)၊ (၅၅၈)၊ ကမ်းခြေစောင့် တိုက်ခိုက်ရေးရေယာဉ် စစ်ရေယာဉ် (၄၂၇)၊ (၄၂၈)၊ အမြန်သွား ကင်းလှည့်ရေယာဉ် စစ်ရေယာဉ်(၂၇၁)၊ (၂၇၂)၊ (၂၇၆)၊ (၂၇၈)တို့က Line Abreast Formation ပုံပြပုံစံများဖြင့် ပုံပြမောင်းနှင်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ)က အမြောက်ပစ်ဖောက် ဂုဏ်ပြုအလေးပြု ပစ်ခတ်ထားသည့် ပထမဆုံး အမြောက်ကျည်ဆန်ခွံကို အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အထိမ်းအမှတ် တံဆိပ်နှင့် ဂုဏ်ပြုလက်ဆောင် ပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

ယင်းနောက်နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က တပ်မတော်(ရေ) အရာရှိ စစ်သည်များအား လမ်းညွှန်အမှာစကား ပြောကြားရာတွင် မြန်မာ့တပ်မတော်တွင် တပ်မတော်(ရေ)ကို (၇၈)နှစ်တာ ကာလအတွင်း အဆင့်ဆင့် တိုးချဲ့ဖွဲ့စည်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် စစ်ရေယာဉ်များကို ကိုယ်တိုင်တည်ဆောက် အသုံးပြုနေနိုင်သည့် အနေအထားသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ တပ်မတော်သားတိုင်း အနေဖြင့် ကျန်းမာကြံ့ခိုင်မှုရှိရမည်၊ ရဲစွမ်းသတ္တိနှင့် တိုက်ရဲခိုက်ရဲသည့် စိတ်ဓာတ်ရှိရမည်၊ မိမိတို့ တစ်ဦးချင်း တာဝန်များကို သက်ဆိုင်ရာပညာရပ်များအလိုက် ကျွမ်းကျင် ပိုင်နိုင်နေရမည် ဖြစ်ကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့် မူဝါဒနှင့်အညီ စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ် လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်အတတ်ပညာများကို ပိုမို ကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို အမြဲလိုက်နာကျင့်သုံးနေရမည် ဖြစ်ကြောင်း၊ **ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံတော် တည်ရှိရမည်၊ မြန်မာနိုင်ငံတော်တည်ရှိနေသရွေ့ မြန်မာ့တပ်မတော်တည်ရှိရမည်၊ မြန်မာ့တပ်မတော် တည်ရှိနေသရွေ့ တပ်မတော်(ရေ)သည်လည်း တည်ရှိရမည်** ဖြစ်ကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် ရှိပြီးဖြစ်သည့် ကောင်းမွန်သော အစဉ်အလာများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်း လက်ဆင့်ကမ်းကာ တပ်မတော်(ရေ)နှင့် တပ်မတော်၏ဂုဏ်ကို ထိန်းသိမ်းသွားကြရမည် ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၃)ရေတပ်ဆိပ်ခံတံတားမှ ဇရာဝတီရေတပ်စခန်းဌာနချုပ်သို့ စစ်ရေယာဉ် (ရတနာပုံ)ဖြင့် ထွက်ခွာကြသည်။

ထိုသို့သွားရောက်စဉ် မြစ်အတွင်းရှိ တပ်မတော်(ရေ) စစ်ရေယာဉ်များမှ အရာရှိ စစ်သည်များက နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား လမ်းတစ်လျှောက် အလေးပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အန္တရာယ်ကင်းပရိတ်တရားနာယူ ဆွမ်းကပ်လှူဒါန်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၄**

(၇၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေး၊ အငြိမ်းစားကာကွယ်ရေးဦးစီးချုပ်(ရေ)များ၊ ရေတပ်ကွပ်ကဲမှု ဌာနချုပ်မှူးများ၊ ရေတပ်စခန်းဌာနချုပ်မှူးများ၊ သန်လျင်တပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း၊ သစ္စာလေးချက် ရွတ်ဆိုခြင်းများ ဆောင်ရွက်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)က စစ်ရေးပြတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က (၇၈)နှစ်မြောက် တပ်မတော်(ရေ)နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မိန့်ခွန်းပြောကြားကာ စစ်ရေးပြတပ်ခွဲများ၏ စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းကိုခံယူပြီး စစ်ရေးပြ အခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

ထို့ပြင် (၇၈)နှစ်မြောက် တပ်မတော်(ရေ) နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို သန်လျင်တပ်နယ် မဟာနာဝါနီကဇယမင်္ဂလာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန် စာသင်တိုက်ကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် သန်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ သန်လျင်မြို့နယ် သံဃနာယက ဩဝါဒါစရိယ၊ သုဓမ္မာဝိနည်းဓိုရ် ပဝါရဏာဂိုဏ်း ဦးစီးဥက္ကဋ္ဌ မြို့ဦးစက်ပစ်ကွင်းကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တတေဇအမှူးပြုသော သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့် ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့် ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။





ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း (၇၈)နှစ်မြောက်တပ်မတော်(ရေ)နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန်**

**၃ ရက်**

**သာ လိုတော့သည်။**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုနှင့် ကြိုတင်မဲပေးနေမှု ကွင်းဆင်းကြည့်ရှု



ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့ညနေပိုင်းတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် တတိယအကြိမ်မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှု၊ မဲဆန္ဒရှင်ပြည်သူများက မဲစာရင်း လာရောက်ကြည့်ရှုမှုနှင့် ကြိုတင်မဲပေးနေမှုတို့ကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကမာရွတ်မြို့နယ် အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ရုံးများတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက် ဘုရားဇောတိ ဓမ္မာရုံနှင့် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့တွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုနှင့် ကြိုတင်မဲပေးနေမှု အခြေအနေများကို လည်းကောင်း၊ သဃ်္ဃန်းကျွန်း မြို့နယ် (က)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မဲစာရင်းအမှတ်စဉ်များကို မဲဆန္ဒရှင်ပြည်သူများ ကြိုတင်သိရှိစေရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ တတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်အထိ ကပ်ထားကြေညာမည်ဖြစ်ရာ မဲဆန္ဒရှင်စာရင်းများကို ပြည်သူများ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု သွားရောက်ကြည့်ရှု

နေပြည်တော် ဒီဇင်ဘာ ၂၄

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အခြေခံပညာ ကျောင်းများနှင့် ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံးများ၌ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။



ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက မော်လမြိုင်မြို့ အခြေခံပညာ အထက်တန်းကျောင်း (ရွှေနတ်တောင်)၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး မဲရုံကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုရာ မဲရုံတာဝန်ရှိသူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နှင့် မဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မော်လမြိုင်မြို့နယ် စမ်းကြီးရပ်ကွက်နှင့် နောင်ခရီးရပ်ကွက်တို့ရှိ ရွေးကောက်ပွဲကော်မရှင်ရုံးခွဲများ၌ တတိယအကြိမ်မဲဆန္ဒရှင်များစာရင်း ကပ်ထားကြေညာထားရှိမှု၊ အများပြည်သူများ လာရောက်ကြည့်ရှုနေမှု၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် ကြိုတင်မဲပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုပြီး တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM) သရုပ်ပြရှင်းလင်းခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အသည်းကြားက မဲတစ်ပြား

❁ လာလေလာလေ ဖိတ်ကာခေါ်
မဲရုံဆီသို့နော်၊
လူကောင်းလူတော် ရွေးချယ်ပွဲ
ပါဝင်ဆင်ကာနွှဲ။

❁ လှိုက်လှိုက်လှဲလှဲ ကြိုထောက်ခံ
မေတ္တာအရင်းခံ၊
ဘက်စုံစီမံ ဆောင်ရွက်ရေး
လက်တွေ့ဦးစားပေး။

❁ ရေရှည်မြော်တွေး ခုချိန်ခါ
မဲပေးသေသေချာ၊
ကျေးလက်မြို့ရွာ သာစေဖို့
ခွင့်လမ်း ရယူစို့။

❁ ခေါင်းဆောင်ကောင်းတို့ စိတ်ထားမွန်
ပြည်သူ့အတွက်ညွှန်၊
အားစိုက်အားသွန် ဦးဆောင်ပြ
ကျင့်ကြံ မှုအလှ။

❁ စိမ်းလန်းချိုမြ မြန်မာ့မြေ
တိုးတက် ဖွံ့ဖြိုးစေ၊
မြန်မာ့ကျက်သရေ ထွန်းပြောင်လင်း
ကမ္ဘာ ကမ္ဘာချဉ်း။

❁ ပန်းတို့သတင်း လေညင်းဆောင်
ပြုံးပန်း ချစ်ဖွဲ့နှောင်၊
မြန်မာ့လူ့ဘောင် ကြည့်လိုက်စမ်း
ကောင်းချီး ဩဘာလွှမ်း။

❁ နောက်မဆုတ်တမ်း ရှေ့သို့ချီ
အေးရိပ် ပန်းတိုင်ဆီ၊
ပန်းလိုမွှေးကြည် ပြယုဂ်များ
အသည်းကြားက မဲတစ်ပြား
ပေးစို့ ပေးစို့လား။ ။

ဖိုလေးလုံးသောင်းကိုကို

# တောင်ငူမြို့ မြို့ရှောင်ရထားလမ်းဖောက်လုပ်ခြင်းနှင့် မြို့ကွက်သစ်တိုးချဲ့စီမံကိန်းဧရိယာနှင့် လွတ်ကင်းမှုမရှိသော လျှပ်စစ်ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မည်



နေပြည်တော် ဒီဇင်ဘာ ၂၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြို့ရှောင်ရထားလမ်းဖောက်လုပ်ခြင်းနှင့် မြို့ကွက်သစ်တိုးချဲ့စီမံကိန်းဧရိယာနှင့် လွတ်ကင်းမှုမရှိသည့် ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်မည့်အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ၂၃၀ ကေဗွီ မြောင်းတကာ ပင်မဓာတ်အားခွဲရုံမှ မြောင်းတကာစက်မှုဇုန်သို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှုတို့ကို ကွင်းဆင်းကြည့်ရှုသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူမြို့သို့ရောက်ရှိပြီး မြို့ရှောင်ရထားလမ်းဖောက်လုပ်ရာတွင် လွတ်ကင်းမှုမရှိသည့် ဓာတ်အားလိုင်းများအား ပြောင်းရွှေ့တည်ဆောက်မည့်အခြေအနေနှင့် မြို့ကွက်သစ်တိုးချဲ့စီမံကိန်းဧရိယာနှင့် လွတ်ကင်းမှုမရှိသော ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဓာတ်အားလိုင်းပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အစီအမံများ၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးနှင့် ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ရေး ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြို့ရှောင်ရထားလမ်းဖောက်လုပ်ရာတွင် လွတ်ကင်းမှု မရှိသည့် ၂၃၀ ကေဗွီ နှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရမည့်အခြေအနေနှင့် မြို့ကွက်သစ်တိုးချဲ့စီမံကိန်းဧရိယာနှင့် လွတ်ကင်းမှုမရှိသည့် ၃၃ ကေဗွီဓာတ်အားလိုင်း၊ ၁၁ ကေဗွီ နှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ရမည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားလိုင်းများ ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံနှုန်းပြည့်မီစေရေး၊ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းဟောင်း ပြန်လည်ဖြုတ်သိမ်းခြင်းမှ ဆယ်တင်ပစ္စည်းများကို စနစ်တကျ စာရင်းပြုစုသိမ်းဆည်းထားရှိရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း Control Building နှင့် Switch Yard တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ထရန်စဖော်မာများ၊ Shunt Reactor နှင့် Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးနေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယခု အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဘုရားကြီးဓာတ်အားခွဲရုံ စီမံကိန်းသည် လက်ရှိအချိန်တွင် စီမံကိန်းတစ်ခုလုံးအနေဖြင့် ၉၂ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကာ စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ မြောင်းတကာ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် မြောင်းတကာစက်မှုဇုန်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံသုံး လျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့်ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျ ပုံမှန်စစ်ဆေး ဆောင်ရွက်သွားရန်မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားလက်ခံပို့လွှတ်ထားမှု၊ မြောင်းတကာစက်မှုဇုန်သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဓာတ်အားထိန်းညှိဖြန့်ဖြူးပေးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ(B)နှင့် ဖူဆယ်အားကစားရုံတို့ ပြန်လည်ပြုပြင်နေမှု ကြည့်ရှု




နေပြည်တော် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်း၊ ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ အားကစားရုံ(B) နှင့် ဖူဆယ်အားကစားရုံတို့အား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အားကစားရုံ(B)ရှိ Aircon Chilar စက်ခန်းများ၊ Aircon ပိုက်လိုင်းများ၊ Aircon Chilar စက်ခန်းများတွင် စက်ပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှု၊ အသံစက်ပိုင်း(Sound System) ကောင်းမွန်ရန် အုတ်နံရံပတ်လည်အတွင်း၊ အပြင် ပြုပြင်ပြီးစီးမှုအခြေအနေနှင့် ပွဲကြည့်စင်များ၊ ရေလိုင်း၊ မီးလိုင်းသွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး အားကစားရုံများတွင် ပြုပြင်ထိန်းသိမ်းမှု မှတ်တမ်းစာအုပ်(Log Book) စနစ်တကျထိန်းသိမ်းထားရှိရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဖူဆယ်အားကစားရုံ ပြန်လည်ပြုပြင် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အားကစားရုံ ရေရှည်တည်တံ့စေရေး၊ သဘာဝဘေးအန္တရာယ်ခံနိုင်စေရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန်၊ Portico အဝင်လမ်းများ ကောင်းမွန်စေရေးနှင့် အားကစားရုံပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် တည်ဆောက်ရေး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သံချည်သံကွေးအဆင့်(၁)နှင့် ကျောက်ပုံးရိုက်အဆင့်(၁) သင်တန်းဆင်းပွဲကျင်းပ



ပဲခူး ဒီဇင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ သံချည်သံကွေးအဆင့်(၁)နှင့် ကျောက်ပုံးရိုက် အဆင့်(၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ယနေ့အချိန်ကာလသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရန် ဘက်စုံ၊ ကဏ္ဍစုံတွင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ကြီးကြီးမားမားဖြင့် ဆောင်ရွက်နေသကဲ့သို့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း နည်းလမ်းပေါင်းစုံဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကဏ္ဍအလိုက် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ရလုပ်သားများရှိမှသာ အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ လုပ်သားများနှင့်ယှဉ်ပြိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိနိုင်မည်ဖြစ်သဖြင့် ကိုယ်ရည်ကိုယ်သွေးမြှင့်တင်၍ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းကပို့ချပေးလိုက်သည့် စာတွေ့/လက်တွေ့ အတွေ့အကြုံဗဟုသုတများကို လုပ်ငန်းခွင်အတွင်းရှိ လုပ်ဖော်ကိုင်ဖက်များအား မျှဝေပေးရင်း ကြံ့ခိုင်ကောင်းမွန်ဘေးကင်းလုံခြုံသော အဆောက်အအုံများဖြစ်အောင် ဆောက်လုပ်သွားကြစေလိုကြောင်း၊ မိမိတို့ သင်ကြားတတ်မြောက်ခဲ့သည့် ပညာရပ်များကို အရင်းပြုပြီး တည်ဆောက်ရေးလုပ်ငန်းများဖြင့် ရပ်ရွာဒေသ၏အကျိုး၊ တိုင်းဒေသကြီး၏အကျိုးကို သယ်ပိုးထမ်းရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောက်ပုံးရိုက်သင်တန်းသားများနှင့် သံချည်သံကွေးသင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းနည်းပြများအတွက် အမှတ်တရလက်ဆောင်များပေးအပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဝင်းမင်းထွဋ်က သံချည်သံကွေးအဆင့်(၁)နှင့် ကျောက်ပုံးရိုက် အဆင့်(၁)သင်တန်း ဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်း၌ လက်တွေ့သင်ကြားပေးခဲ့သည့် ဆောက်လုပ်ရေးဆိုင်ရာ ကျောက်ပုံးရိုက်ခြင်းနှင့် သံချည်သံကွေးနမူနာများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျုံမငေးမြို့အတွင်းရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် Unique ID နံပါတ်များ ထုတ်ပေးလျက်ရှိ



နေပြည်တော် ဒီဇင်ဘာ ၂၄

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့်အတူ ယနေ့နံနက် ၅ နာရီခွဲက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ သံဃာရာမဗိမာန်တော်ကြီး၌ ကျင်းပသည့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော် အဆူ ၁၀၀၀ အနေကဇာတင် မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

ဦးစွာ ဝါးခယ်မမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကွမ်းခြံကုန်းကျောင်းတိုက်ဆရာတော် ဒ္ဒိပိဋကဓရ ဘဒ္ဒန္တခေမာစာရ အမှူးပြုသော ပင့်သံဃာဆရာတော်ကြီးများက ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အနေကဇာတင်လှူပူဇော်ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကွမ်းခြံကုန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်ကြီးများကို သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်ပရိသတ်များက ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝါးခယ်မမြို့နယ် ကျုံမငေးမြို့စွယ်တော်ဘုရားသို့ သွားရောက်၍ အဆိုပါဘုရားပရဝဏ်အတွင်းရှိ ဘုရားစောင်းတန်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး/ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်း ဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား နိုင်ငံသားကတ်ပြားအဆင်ပြေလွယ်ကူစွာရရှိစေရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှုနှင့် မကြာမီကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံသားကတ်ပြား ကိုင်ဆောင်မဲပေးရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာကာယကံရှင်များထံ အသီးသီးပေးအပ်ပြီး ကွင်းဆင်းဆောင်ရွက်ပေးနေသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ပေးအပ်သည်။

အဆိုပါ ဘုရားစောင်းတန်း၌ ကျုံမငေးမြို့ ပေါ်ရပ်ကွက် ငါးခုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် ယခင်ရက်များကပင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံသားကတ်ပြား ပျက်စီး/ပျောက်ဆုံးသူများ၊ အသက်(၁၈)နှစ်ပြည့်လျှောက်ထားသူများ စုစုပေါင်းဒေသခံပြည်သူ ၃၀၀ အတွက် နိုင်ငံသားစိစစ်ရေးကတ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးပြီး နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးနိုင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက်သို့ သွားရောက်၍ စက်ရုံဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်အား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ မြနန်းစံကျော် ရွှေနန်းတော်နှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းစေတီဘုရားများ ကြည့်ရှုစစ်ဆေး



မန္တလေး ဒီဇင်ဘာ ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ယမန်နေ့နံနက်ပိုင်းတွင် မြနန်းစံကျော်ရွှေနန်းတော်ရှိ နန်းဆောင်များ ဆေးသုတ်ခြင်း၊ အမွှမ်းပန်းများ ထိန်းသိမ်းခြင်း၊ မြေနန်း ပြာသာဒ်ဆောင်တွင် ယွန်းကြိုးထိုးခြင်း၊ ဝေါကြီးရိပ်ဝှံ (ခြသေ့်ခံ) ပုံစံတူပြုလုပ်ပြသခြင်း၊ ရွှေတိုက်ဆောင်၊ မှန်နန်းဆောင်နှင့် ဘုရင့်အိပ်ခန်းဆောင်ရှိ နန်းသုံးပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မြနန်းစံကျော် ရွှေနန်းတော် မြေနန်းပြာသာဒ်ဆောင်ရှိ ငလျင်ကြောင့် ပျက်စီးသွားသော ပိုက်ကွက်များကို အသစ်ပြန်လဲရန်၊ ဝေါကြီးရိပ်ဝှံ (ခြသေ့်ခံ)ပုံစံတူ ခင်းကျင်းပြသပြီးပါက ဝေါအသုံးပြုသည့်အဆင့်အလိုက် ရှင်းလင်းချက်စာသားအား ပြည့်စုံစွာရေးသားပြသရန်၊ ဝေါအပေါ်ပိုင်းကို သံအသုံးပြုမည်ဆိုပါက သံချေးမတက်သော အောက်ခံဆေး သုတ်လိမ်းပြီး အပေါ်မှသစ်သားများ ကာရံဆောင်ရွက်ရန်၊ ဝေါပေါင်လုံး အရှည်ကို ပုရပိုက်ပါအတိုင်းအတာအတိုင်း ဆောင်ရွက်ရန်၊ ဝေါကြီးရိပ်ဝှံပုံစံတူပြသပြီးပါက ဘေးတွင် ပွတ်လုံးတိုင်အရံအတားပြုလုပ်ထားရှိရန်၊ ရွှေတိုက်ဆောင်အုတ်နံရံဆေးများအား ညီညာအောင် ဆေးသုတ်ရန်၊ မှန်နန်းဆောင်တွင် ထားရှိသည့် ထီးတိုင်ဒေါက်အား ဆေးပြန်လည်သုတ်ရန်၊ မှန်နန်းဆောင် အိပ်ဆောင်ခန်းတွင် ပြသထားသည့် ယပ်ရိုးရှည်အား အကြီးပြုလုပ်ပေးရန်နှင့် သလွန်အောက်ခံကတ္တီပါကော်ဇောအား လဲလှယ်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် ရွှေနန်းတော်ကျောင်းသို့ရောက်ရှိပြီး ရှေးဟောင်းသစ်သားဘုန်းတော်ကြီးကျောင်းဖြစ်သည့်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများ၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လှေကားငါးစင်း ပြုပြင်ထိန်းသိမ်းမှုများကို ကြည့်ရှုစစ်ဆေးပြီး မဟာအတုလဝေယံ (အတုမရှိ) ကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသော စုဋ္ဌာမုနိရုပ်ရှင်တော်မြတ်အား ဖူးမြော်ကြည်ညိုကာ ဂေါပကအဖွဲ့အား နဝကမ္မအလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ထိခိုက်ပျက်စီးမှုများကို လည်းကောင်း၊ နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရားနှင့် ဂန္ဓကုဋီတိုက်တို့၏ ထိခိုက်ပျက်စီးမှုများကို ဂေါပကအဖွဲ့မှ အများပြည်သူလှူဒါန်းမှုဖြင့် ဆောင်ရွက်နေစဉ် ဘုရားနှင့် ဗုဒ္ဓရုပ်ပွားတော်အကြား ယခင် ကနောင်မင်းသားအုတ်ဂူတည်ရှိသည့်နေရာတွင် ဘုရားပြုပြင်ရန် မြေကျင်းတူးရာမှ ကျင်းအတွင်း၌ အောက်ခံဖန်ကလပ်ပေါ်တွင် အဖုံးပါငွေဖရုံတုံးပုံစံအိုးအတွင်း လူအရိုးအိုးဟုယူဆရသော အရိုးစအနည်းငယ်နှင့် အံသွားတစ်ချောင်းတို့ကို တွေ့ရှိခဲ့သည့် နေရာတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စန္ဒာမုနိစေတီတော်အား မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန မန္တလေးဌာနခွဲ ဝန်ထမ်းအိမ်ရာဖြစ်သည့် ပယ်ပုံတော်ဝင်းသို့ ရောက်ရှိပြီး အမရပူရမြို့နန်းတည်ဘိုးတော်ဘုရားခေါ် ဗဒုံမင်းသည် နိုင်ငံတော်အတွင်း ဒေသဌာနကို လိုက်၍ လယ်ယာမြေနှင့် သက်ဆိုင်သော ကိစ္စရပ်များတွင် ဘုရင်မင်းမြတ် ပိုင်ဆိုင်သည့်မြေကို မင်းပယ်နှင့် တိုင်းတာသတ်မှတ်၍ ပြည်သူပြည်သား (ဆင်းရဲသား)များ ပိုင်ဆိုင်သည့်မြေကို ပကတိပယ်ဖြင့် တိုင်းတာသတ်မှတ်သည့် ကျောက်စာရုံများ ထိန်းသိမ်းထားမှုများကို ကြည့်ရှုစစ်ဆေးကာ အောင်ဇေယျရိပ်သာ၊ စစ်ကိုင်းဆောင်၊ ဟံသာဝတီဆောင်၊ မန္တလေးဆောင်၊ ဟန်လင်းဆောင်၊ ဗိဿနိုးဆောင်၊ အမရပူရဆောင်၊ တကောင်းဆောင်၊ သရေခေတ္တရာဆောင်တို့၏ ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့မှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကြေးမြင်ကျောင်းပြန်လည်တည့်မတ်ခြင်း၊ သွပ်အဟောင်းများပြန်လည်အစားထိုးပြုပြင်ခြင်းနှင့် ရေတံလျှောက်ပြန်လည်ပြုပြင် ထိန်းသိမ်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ အက္ကပတ်မြင်းဝန်ကျောင်း ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောင်းထိုင် ဆရာတော်အား နဝကမ္မဝတ္ထုငွေများ ကပ်လှူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြစ်သားမြို့နယ်၌ ကျေးလက်လမ်းပြုပြင်ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



မြစ်သား ဒီဇင်ဘာ ၂၄

မန္တလေးတိုင်း ဒေသကြီး မြစ်သားမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် Royal Bhone Myat Thu Co.,Ltd မှ တာဝန်ယူဆောင်ရွက်သည့် မြစ်သား- စံပါယ်တောလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ဒီဇင်ဘာ ၁၈ ရက်က မြစ်သားမြို့နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်း ပြုပြင်ဆောင်ရွက်ပေးခြင်းအားဖြင့် ကျေးရွာရှစ်ရွာ၊ အိမ်ခြေ ၃၇၉၈ အိမ်၊ လူဦးရေ ၁၈၆၃၁ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များနှင့် ကျေးလက်ထုတ်ကုန်များ အပြန်အလှန် ရောင်းဝယ်ဖောက်ကားရေးတို့ကို များစွာ အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ရောင်စုံပန်းတွေ ဖူးပွင့်တော့မည့် ပြည်ထောင်စုသွေးချင်းတို့မြေ တို့မျှော်နေ ...



ဒေါက်တာမောင်ကျော်
ပါမောက္ခချုပ်(ငြိမ်း)

သမိုင်းကိုပြန်ကြည့်လျှင် ကိုယ့်ထီးကိုယ့်နန်း ကိုယ်ကြငှန်းနှင့် တိုင်းရင်းသားသွေးချင်းတို့ မြေသည် သာယာဝပြောစည်ကားခဲ့သည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်းတို့သည် မျိုးနွယ်စုကြီးများအဖြစ် ရှေးနှစ်ပရိစ္ဆေဒများစွာကတည်းက အေးအတူပူအမျှ ဤမြေတွင် အတူတကွနေလာခဲ့ပြီး သံယောဇဉ်က ကြီးမားခဲ့သည်။ မြန်မာတို့သည် မြင့်မားသည့် တောင်တန်းကြီးများနှင့် ဤတောင်တန်းများအကြား တသွင်သွင် စီးဆင်းနေသည့် ဧရာဝတီ၊ သံလွင်၊ စစ်တောင်း၊ ချင်းတွင်းမြစ်တို့ကို အကြောင်းပြုပြီး တိုင်းရင်းသားအပေါင်း စုစည်းနေထိုင်ခဲ့ကြသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း ၁၉ ရာစု ကုန်ခါနီးတွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရသည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ တိုင်းတစ်ပါးလက်အောက်တွင် မြန်မာဆိုသည့် တိုင်းရင်းသားသွေးချင်းအပေါင်းသည် လမ်းပျောက်ခဲ့ရသည်။ လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင်လည်း ထင်သလောက်ခရီးမပေါက်။ လွတ်လပ်ရေး၏ အသီးအပွင့်ကို မခံစားရ၊ ရေမြေတောတောင်၊ သယံဇာတ၊ သဘာဝအရင်းအမြစ် ပေါကြွယ်ဝမှုကိုပင် လက်ဆုပ်လက်ကိုင်ပြု၍ ထူးထူးခြားခြား၊ စွန့်စွန့်စားစားနှင့် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို အကောင်အထည်ဖော်ဖို့ ဖင့်နွှဲခဲ့ရသည်။

ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်ညီအစ်ကိုများ၏ ကိစ္စ မတွေးနိုင်လောက်အောင် အိုးအိမ်စည်းစိမ်များ ပျက်ပြားခဲ့ရသည်။ လက်နက်စွဲကိုင်သော တော်လှန်လှုပ်ရှားမှုကြောင့် သယံဇာတ၊ လမ်းတံတားတို့ ဆုံးရှုံး၊ နိုင်ငံမတည်ငြိမ် တိုင်းပြည်အထနှေးခဲ့သည်။ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စီးပွားရေး၊ စီမံအုပ်ချုပ်ရေး ချည့်နဲ့ခဲ့ရသည်။ ရံဖန်ရံခါဆိုသလို ပြည်ထောင်စုကြီး ပြိုကွဲရေးဆီသို့ တွန်းပို့သော ခြိမ်းခြောက်မှုများ ကြုံခဲ့ရသည်။ ပြည်ပလွှမ်းမိုးမှု၊ နိုင်ငံရေးအစွန်းရောက် လက်ဝဲလက်ယာဝါဒီများနှင့် **“တောမီးလောင် တောကြောင်လက်ခမောင်းခတ်”** မသမာသူများ၏ ကိုယ်ကျိုးရှာမှုများကြောင့် ပေါ်ပေါက်လာခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများသည် ဆယ်စုနှစ်များစွာကြာခဲ့ပြီ၊ မပြီးနိုင်၊ မစီးနိုင်၊ အဖြေမထွက်နိုင်။ ယနေ့တိုင် အပြီးမသတ်နိုင်သေးသည့်အတွက် ပြည်တွင်းပဋိပက္ခ အရှည်ကြာဆုံးနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ရသည်။



နိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောနိုင်ဖို့ ကိုယ့်အားကိုယ်ကိုးကြရမည်။ တိုင်းရင်းသားအပေါင်းက တညီတညွတ်တည်း ကိုယ်ထူကိုယ်ထ ပြုကြ၊ ရေရှည်အကျိုးကိုမျှော်ကိုးပြီး ပြည်ထောင်စု၏အနာဂတ်ခရီးကို ကိုယ့်အားကိုယ်ကိုး လျှောက်ကြရပါမည်။

### အတ္တာဟိ အတ္တနောနာထော

အရှေ့ - အနောက်နိုင်ငံရေး အယူဝါဒများကို အလွန်အမင်း မတွယ်တာလေနှင့်၊ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများက ဟောင်းနွမ်းနေပြီ၊ ခေတ်မမီတော့ဟူ၍လည်း ယုံမှားသံသယမရှိလေနှင့်၊ ကိုယ့်စာပေ ကိုယ်တေးဂီတ သုခုမအနုပညာများက ‘မတိုး’ တော့ပြီဟူ၍လည်း မထင်လေနှင့်၊ အတိတ်က ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းခဲ့သည့် ဘဝကိုလည်း မလွမ်းလေနှင့်၊ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်ဖြင့် လုံလောက်ပြီဟုလည်း မတွက်လေနှင့်၊ ဒီမိုကရေစီဆိုတိုင်း ရောဂါမှန်သမျှ ကုသနိုင်သည့် ဆေးကျမ်းဟု မဆိုနိုင်။

ကမ္ဘာ့နိုင်ငံအချို့သည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို အမျိုးမျိုးသော အခက်အခဲ အကျပ်အတည်းကြားမှ တည်ဆောက်ကြရသည်။ ပညာတတ်၊ အရည်အချင်းပြည့်ဝသူ ဗလငါးတန်ပြည့်ဝသူတို့ကသာ တိုင်းပြည်အပြောင်းအလဲကို ပြုလုပ်နိုင်လိမ့်မည်။ ရုပ်ပိုင်း၊ စိတ်ပိုင်းနှစ်ရပ် ဖွံ့ဖြိုးရေးတွင် ပညာရေးက အခြေခံဖြစ်သည်။ ပညာဉာဏ်မရှိပါက စိတ်ပိုင်းဆိုင်ရာပြုပြင်ရန်ခက်ခဲပြီး အတတ်ပညာမဲ့လျှင် ဘဝရပ်တည်ရေးခက်လှသည်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောရေး ခက်နေပါလိမ့်မည်။

ပြည်သူတစ်ဦးချင်း တစ်ယောက်ချင်းမှသည် အဖွဲ့အစည်းတိုင်းက မိမိတို့၏ ပညာ၊ စွမ်းအားများဖြင့် နိုင်ငံ၏ သယံဇာတကြွယ်ဝမှုကို အဖိုးတန်စွာ အသုံးချနိုင်ကြရမည်။ လက်နက်ခဲယမ်းများအစား တူတံစဉ်များကိုင်၊ လယ်ထွန်စက်ကိုမောင်း၊ တောင်လိုပုံနေသည့် စပါးများကို ခေတ်မီဆန်ကြိတ်စက်သို့ပို့၊ ဆီစက်များကို လျှပ်စစ်နှင့် မောင်းနိုင်ခဲ့လျှင် ဆီဖြင့်ရေချိုးနိုင်ပါမည်။ မိမိတို့ တိုင်းရင်းသားလယ်သမားကြီးများ ၊ ပြည်သူများအားလုံး ကြွယ်ဝချမ်းသာပြီး အေးချမ်းပျော်ရွှင်သောဘဝများ ပိုင်ဆိုင်နိုင်ပါလိမ့်မည်။

### နိုင်ငံသားတိုင်း၏ တာဝန်

တိုင်းရင်းသား သွေးချင်းအပေါင်းသည် လွတ်လပ်သောမြန်မာနိုင်ငံကို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးနေသော ဒုက္ခသည်နိုင်ငံအဖြစ် မလိုလား၊ ပြည်သူတစ်ရပ်လုံး လူတန်းစားအလွှာအသီးသီး၏ ကောင်းကျိုးအဖုံဖုံကိုရှေးရှုကာ ကိုယ်စိတ်နှစ်ပါး အေးချမ်းသောဘဝကို လိုလားကြသည်သာဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားကြသည်သာဖြစ်သည်။ နိုင်ငံသားတိုင်း၏ တာဝန်လည်းဖြစ်သည်။ အရေးသုံးပါးတစ်ခုချင်းစီက တစ်ခုကိုတစ်ခု အထောက်အပံ့ဖြစ်စေသည့် မဏ္ဍိုင်ကြီးများဖြစ်သည်။ အလွန်ကို ခိုင်ခံ့နေရမည့် မဏ္ဍိုင်များဖြစ်ကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် မမေ့မလျော့ သတိမူကြရမည်ဖြစ်သည်။

### နှိုင်းယှဉ်ကြည့်စေလို

မြန်မာနိုင်ငံတွင် စည်းလုံးရေးပျက်ပြားမှု၊ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် လက်နက်ကိုင်အကြမ်းဖက်မှုများသည် လွတ်လပ်ရေးရပြီးကတည်းက ဖြစ်ပေါ်ခဲ့ရာ အလွန်ပင်ထူးဆန်း၍ စဉ်းစားစရာကြီးဖြစ်နေသည်။ ယနေ့တိုင် အများပြည်သူများသည် အကြမ်းဖက်ခြင်း၊ တည်ငြိမ်အေးချမ်းမှုကို နှောင့်ယှက်ခံရခြင်း၊ အပြစ်မဲ့ပြည်သူများ သေကျေပျက်စီးခြင်းနှင့် လူငယ်များ အတွေးအခေါ်၊ အယူအဆအမှားများဖြင့် လမ်းမှားသို့ရောက်မှန်းမသိရောက်ရှိခြင်း စသည့် အနာဂတ်ထိခိုက်စရာများအထိ ဖြစ်ပေါ်လျက်ရှိသည်။ အိမ်နီးနားချင်း ထိုင်းနိုင်ငံ၌ နိုင်ငံရေးမတည်ငြိမ်မှုများရှိခဲ့သော်လည်း စီးပွားမပျက်၊ ပညာရေးမပျက်၊ အလုပ်မပျက် တည်ငြိမ်အေးချမ်းသွားသည်သာ ဖြစ်သည်။ အမေရိကန်နိုင်ငံ၌ ယနေ့အချိန်အခါတွင် တက္ကသိုလ်ကောလိပ်ပေါင်း ၃၅၀၀ ကျော်ရှိသည်။ သိပ္ပံနှင့်နည်းပညာသည် ပို၍အခရာကျကြောင်း၊ ပြည်တွင်းငြိမ်းချမ်းမှုရှိခြင်းကြောင့် လူအား၊ ငွေအားများ ပုံအောပြီးသုံးနိုင်ကြောင်း တွေ့ရပါသည်။

မြန်မာနိုင်ငံနှင့် အကျယ်အဝန်းအရ၊ လူဦးရေအရ၊ စီးပွားရေးအခြေခံအရ တူညီသည့် နိုင်ငံများနှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်နေကြောင်း၊ သူသူကိုယ်ကိုယ် လူမှုစီးပွားဘဝ၊ မိသားစုအရေး၊ ပညာရေး၊ စီးပွားရေးမတွေးနိုင်လောက်အောင် ဖြစ်ခဲ့ခြင်းကြောင့် ခေတ်အဆက်ဆက်တွင် အထွေထွေဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ရသည်။ မြန်မာတို့၏ ဘဝနှင့် မြန်မာတို့၏ မဝေးလှသောသမိုင်း၊ လူ့ဘောင်သမိုင်း၏ ပြောင်းလဲမှု ဘဝကံကြမ္မာကိုဖန်တီးရာ၌ ပဓာနအားဖြင့် ဆောင်ကြဉ်းသူတို့မှာ အသိဉာဏ်ရှိသော လူသားကသာ အဆုံးအဖြတ်ပေးသည်ကို တွေ့ရှိရသည်။

### ကြိုတင်ပြင်ဆင် ဆောင်ရွက်

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် ရွေးကောက်ပွဲအလွန်တွင် ပေါ်ပေါက်လာမည့် အစိုးရအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ယနေ့အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်နေသောကာလဖြစ်သည်။

တိုင်းရင်းသားညီနောင်အားလုံး တန်းတူခံစားနိုင်မည့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပ ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးလျက်ရှိသည်။ နှစ်ဆယ်ရာစု မြန်မာ့သမိုင်းတွင် ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် **စာမျက်နှာ ၁၃ သို့** ❂

> **“အမျိုးသားကောင်းစားရေးအတွက် ပြင်းပြသောစိတ်ဖြင့် ဆောင်ရွက်လျှင် နှစ်အနည်းငယ်အတွင်း အောင်မြင်နိုင်မည်။ စုစုစည်းစည်း၊ တပေါင်းတစည်းတည်းလုပ်ခြင်းသည် တစ်မျိုးတစ်ဘာသာ တစ်ရွာတစ်ပုဒ်ဆန်း တသီးတခြားလုပ်ခြင်းထက် အောင်မြင်မှုကိုပို၍ရနိုင်ပါသည်။ ဝါဒပြင်းပြ၊ တစ်ဖက်သတ်အမြင်၊ ခွဲခြားဆက်ဆံသော အမြင်များကို ဖယ်ရှားရပါမည်။ ရှေးရိုးခွဲခြားဆက်ဆံမှု၏ အန္တရာယ်သည် ကြာရှည်လာသည်နှင့်အမျှ ဆင်းရဲမွဲတေမှု၊ စိတ်မချမ်းမြေ့ဖွယ် စိတ်ဒုက္ခတို့ တွေ့ကြပါလိမ့်မည်။ အသိမှား၍ အလုပ်မှားသည်။ မှားသောအလုပ်က ဆိုးကျိုးတရားသာပေး၏။ မကောင်းသောအကျိုးသည် အကြောင်းမဲ့သက်သက်ဖြစ်သည်မဟုတ်။ အလုပ်မှားခြင်းတည်းဟူသော အကြောင်းကြောင့်ဖြစ်၏။ အကောင်းဆုံးလုပ်ပါ၊ အကောင်းအဆိုး အကြောင်းအကျိုးများက ကိုယ်တိုင်ဖန်တီးခဲ့ခြင်းဖြစ်သည်ကို အကြွင်းမဲ့ယုံကြည်လိုက်ပါ၊ ပန်းတိုင်ရောက်ဖို့အတွက် အများနှင့်ဆက်သွယ်ပြီး အလုပ်လုပ်ကြမှုဖြစ်မည်”**

> **နိုင်ငံသည် စည်းလုံးညီညွတ်မှုရှိရပါမည်။ စည်းလုံးညီညွတ်မှု မရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ခက်သည်။ တင်းမာမှုနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်မှုများက ပို၍ဆိုးဖွယ်ရာသာဖြစ်လိမ့်မည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ တစ်ဦးကိုတစ်ဦး ခွင့်မလွှတ်နိုင်ခြင်း၊ အမုန်းတရားနှင့် အကြမ်းဖက်လက်စားချေလိုခြင်း၊ စစ်မက်ဖြစ်လိုခြင်းတို့သည် လူ့လောကကြီးကို ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေသည်။ ကျွန်တော်တို့ အတူတကွလက်တွဲညီညာ စည်းစည်းလုံးလုံး ဖွံ့ဖြိုးဖို့၊ အေးအတူပူအမျှ အတူတကွ လူ့လောကကို ဖြတ်သန်းကြသည့်အခါ အငြိုးအတေး၊ ရန်ငြိုးကင်းဖို့၊ စစ်မက်ကင်းဖို့ ဘေးဒုက္ခများနှင့် မကြုံကြိုက်ဖို့ ကြိုတင်တွက်ဆနိုင်သော အသိဉာဏ်သည် အလိုအပ်ဆုံးဖြစ်**

❂ စာမျက်နှာ ၁၂ မှ

ခါးသီးမုန်းတီးစရာ၊ စည်းလုံးမှုပျက်ပြားစရာဖြစ်သော သမိုင်းအထုပ်ကိုမဖြေကြဘဲ ဥမကွဲသိုက်မပျက်မည့် ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားများအားလုံးက သံယောဇဉ်ကြိုးများဖြင့် ရေးရှုတည်ထောင်ဖို့ နိုင်ငံ့ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ ဦးဆောင်နေသည်ကို တွေ့မြင်ရသည်။ နိုင်ငံရေးပါတီများလည်းပါသည်။

**အထွေထွေရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ**

**စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို လျှောက်လှမ်းရာတွင် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မိမိဒေသ၊ ရပ်ရွာအတွက် စိတ်ရင်းစေတနာ မှန်ကန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်နိုင်ရေး ဆောင်ရွက်ပေးနိုင်မည့် တိုင်းရင်းသားများနှင့် ဒေသကိုကိုယ်စားပြုနိုင်သည့် ကိုယ်စားလှယ်အများအပြား ရွေးကောက်ခံစင်မြင့်သို့ ရောက်ရှိလာရန်မှာ အရေးကြီးလှသည်။ ဒီမိုကရေစီကို ကျင့်သုံးကြရာဝယ် စဉ်းစားတွေးခေါ်မြော်မြင်နိုင်သော လူထုလူတန်းစား၊ ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံသားများ၏ ပညာရေး၊ နိုင်ငံရေးအသိအမြင်ကြွယ်ဝမှု အလွန်ပင်လိုအပ်နေသည်ကို တွေ့ရပါလိမ့်မည်။**

နိုင်ငံရေးပါတီများအနေဖြင့် အများနှင့်ဆိုင်သော အကောင်းဆုံးစံများကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားကြသည်ကို တွေ့ရသည်၊ ကောင်းခြင်းကြန်အင်လက္ခဏာများကို အများကသိပါစေ၊ မားမားမတ်မတ် ခံ့ခံ့ညားညားရပ်တည်ပါ။ တည်တည်ကြည်ကြည်ပြောဆိုပါ။ ကျွမ်းကျင်အားသန်သည့်အပေါ် ပို၍ကောင်းအောင် လုပ်ဖို့လိုသည်။ အသင်းအဖွဲ့ချဉ်းကပ်နည်းကို သုံးရမည်။ အစုအဖွဲ့ထဲမှ တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုအရည်အသွေး စိတ်ကူးစိတ်သန်းများကို အစည်းအဝေး၌၊ လွှတ်တော်အသီးသီး၌ ယူလာကြလျှင် ကြိုဆိုရမည်၊ အားပေးရမည်။ မှားတာရှိလျှင် ဝိုင်းပြင်ကြရမည်။

**အမျိုးသားကောင်းစားရေးအတွက် ပြင်းပြသောစိတ်ဖြင့်ဆောင်ရွက်လျှင် နှစ်အနည်းငယ်အတွင်း အောင်မြင်နိုင်မည်။ စုစုစည်းစည်း၊ တပေါင်းတစည်းတည်းလုပ်ခြင်းသည် တစ်မျိုးတစ်ဘာသာ တစ်ရွာတစ်ပုဒ်ဆန်း တသီးတခြားလုပ်ခြင်းထက် အောင်မြင်မှုကိုပို၍ရနိုင်ပါသည်။ ဝါဒပြင်းပြ၊ တစ်ဖက်သတ်အမြင်၊ ခွဲခြားဆက်ဆံသော အမြင်များကို ဖယ်ရှားရပါမည်။ ရေးရိုးခွဲခြားဆက်ဆံမှု၏ အန္တရာယ်သည် ကြာရှည်လာသည်နှင့်အမျှ ဆင်းရဲမွဲတေမှု၊ စိတ်မချမ်းမြေ့ဖွယ် စိတ်ဒုက္ခတို့ တွေ့ကြုံပါလိမ့်မည်။ အသိမှား၍ အလုပ်မှားသည်။ မှားသောအလုပ်က ဆိုးကျိုးတရားသာပေး၏။ မကောင်းသောအကျိုးသည် အကြောင်းမဲ့သက်သက်ဖြစ်သည်မဟုတ်။ အလုပ်မှားခြင်းတည်းဟူသော အကြောင်းကြောင့်ဖြစ်၏။ အကောင်းဆုံးလုပ်ပါ၊ အကောင်းအဆိုး အကြောင်းအကျိုးများက ကိုယ်တိုင်ဖန်တီးခဲ့ခြင်းဖြစ်သည်ကို အကြွင်းမဲ့ယုံကြည်လိုက်ပါ။ ပန်းတိုင်ရောက်ဖို့အတွက် အများနှင့်ဆက်သွယ်ပြီး အလုပ်လုပ်ကြမှုဖြစ်မည်။**

ဒီမိုကရေစီနှင့် ပြည်ထောင်စုဖက်ဒရယ်စနစ် အမျိုးသားဗိမာန်ကြီး တည်ဆောက်ရေး၌ ခြေလှမ်းမှန်မှန်နှင့် ချီတက်နိုင်ကြပါစေ။ နိုင်ငံသားတိုင်း၏ တာဝန်အဖြစ် မမေ့မလျော့သတိမူကြရမည်ဖြစ်ပါသည်။

**ပြည်သူတို့၏ တာဝန်**

နိုင်ငံတော်၏တာဝန်၊ အမျိုးသားရေးတာဝန်များကို လူကောင်းလူတော်များက ထမ်းဆောင်နိုင်ရန် ပြည်သူများက စိတ်ဝင်တစား စဉ်းစားချင့်ချိန်ရွေးချယ်ကြသည်။ ပုဂ္ဂလိကသော်လည်းကောင်း၊ ပါတီအဖွဲ့အစည်းများမှ တစ်ဆင့်သော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများမှတစ်ဆင့်သော်လည်းကောင်း ဝင်ရောက်အရွေးချယ်ခံကြပြီး လွှတ်တော်အသီးသီးသို့ ရောက်လာကြသည်။ နိုင်ငံတော်၏တာဝန်၊ ပြည်သူပြည်သားများ၏ တာဝန်ကိုထမ်းဆောင်မည့် ကိုယ်စားလှယ်တော်ကြီးများကို ရွေးချယ်ကြရာ၌ ပြည်သူတို့၏တာဝန်သည် လွန်စွာကြီးမားပါသည်။

**နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု**

လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခု၏ တိုးတက်မှု၊ ဆုတ်ယုတ်မှု၊ တိုးပွားမှု၊ ကျဆင်းမှုတို့သည်လည်း ထိုလူ့အဖွဲ့အစည်း၊ ထိုတိုင်းပြည်မှ ပြည်သူတို့၏ ဉာဏ်၊ ဝီရိယနှင့် စည်းလုံးညီညွတ်မှုအပေါ်တွင် ပဓာနအားဖြင့် တည်နေပုံကို လယ်တီဆရာတော်ကြီးက -

“.... တစ်ယောက်၏ ဉာဏ်၊ ဝီရိယသည် အားရှိသလောက် အကျိုးကိုဖြစ်ထွန်းစေနိုင်သည်။ ထို့ထက် နှစ်ယောက်ညီလာသော ဉာဏ်၊ ဝီရိယသည် အားများစွာပါနေသည်။ ထိုထက် သုံးယောက်ညီလာသော ဉာဏ်၊ ဝီရိယ၊ ထိုထက်လေးယောက်၊ ထိုထက် ငါးယောက်၊ တစ်ကျိပ်၊ တစ်ရာ၊ တစ်ထောင် စသည်ဖြင့် အများညီညွတ်သော ဉာဏ်၊ ဝီရိယသည် တိုင်းကိုကြံနိုင်သည်။ ပြည်ကိုကြံနိုင်သည်။ ဤကဲ့သို့သော အရာများမှာ ကံသည် ပဓာနမဟုတ်၊ အများညီညွတ်သော ဉာဏ်၊ ဝီရိယသည်သာ ပဓာနပေတည်း...” ဟု တွေးမြင်တင်ပြခဲ့သည်။

**“နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်ကာ အမှားအမှန်ကိုခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်ရန် အရေးကြီးပါသည်”** ဆိုသည့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာပါစကားကို မှတ်သားရသည်။



စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ပညာတတ်များ ပေါကြွယ်ဝရန် လိုအပ်သည်။ လူငယ်တို့ပညာတတ်မှ၊ အရည်အချင်းပြည့်ဝနေမှ သူတို့၏ အနာဂတ်က ရှင်သန်ရပ်တည်နိုင်မည်။ ဘက်စုံအရည်အချင်းများရှိမှ၊ ပညာအမြော်အမြင်ရှိမှ၊ အကျိုးအကြောင်း၊ အကောင်းအဆိုး၊ အမှန်အမှား ခွဲခြားတတ်မှ၊ ဆင်ခြင်တုံတရားရှိမှ၊ သူတို့၏အနာဂတ်က ရှင်သန်မည်။ စိတ်ထားမြင့်မြတ်၊ ထူးချွန်ထက်မြက်ပြီဆိုလျှင် သူတို့၏ အနာဂတ်ကို စိတ်အေးချမ်းသာစွာ တည်ဆောက်နိုင်ပါလိမ့်မည်။

**မျိုးဆက်သစ်များက ပညာရည်မြင့်မားဖို့ မျက်ခြည်မပြတ် အားထုတ်ကြရမည်။ ပညာသည် နိုင်ငံသားတစ်ဦးချင်းစီအတွက်သာမက နိုင်ငံအတွက်ပါ အရေးပါသောတန်ဖိုးကြီးမားသည့် ဥစ္စာဖြစ်သည်။ ပညာရေးမှရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းတို့သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည့်နယ်ပယ်ကဏ္ဍအသီးသီးတွင် များစွာအထောက်အကူပြုသော ပင်ကိုဉာဏ်ရည်ဉာဏ်သွေးများပင်ဖြစ်သည်။ ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝကို တိုးတက်စေနိုင်သည်သာမက နိုင်ငံ၏အနာဂတ်ကို ပုံဖော်ပေးနိုင်သည်။**

သင်ယူမှုကို မြတ်နိုးသူ၊ တီထွင်ဖန်တီးနိုင်စွမ်းရှိသူက နိုင်ငံတစ်နိုင်ငံ၏ သန်းပေါင်းများစွာသော လူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကြီးမားစွာ ပြောင်းလဲစေနိုင်သည်ဆိုသည်ကို မြော်မြင်တတ်ရမည်။ မိမိတို့ ကူညီနိုင်သည်မှာ မေတ္တာအကြင်နာ၊ ကရုဏာထားကြဖို့၊ ပွားကြဖို့ဖြစ်သည်။ အားလုံးအတွက် ကောင်းမွန်သည်မို့ မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားများများပွားဖို့ကိစ္စသည် ရှေးယခင်ထက်ပို၍ လိုအပ်သည်ကိုတွေ့ရသည်။ သံသရာတစ်ကွေ့တွင် မိမိတို့တစ်တွေသည် ယခုလိုဆုံတွေ့ရသည့်ဘဝ၊ အေးအတူပူအမျှ ငြိမ်းငြိမ်းချမ်းချမ်း နေလိုသည့်ဆန္ဒ၊ အမျိုးသားအကျိုးစီးပွား ရှေးရှုသည့်ဝိသေသ၊ နိုင်ငံတကာအလယ်၌ ထည်ထည်ဝါဝါနှင့် နေနိုင်သည့်အခြေအနေကို ချစ်မြတ်နိုးကြရပါမည်။

**ပထဝီဝင်အနေအထားသယံဇာတနှင့် ခေတ်ကာလ**

နိုင်ငံ၏ တိုင်းရင်းသားအပေါင်းတို့သည် လူဦးရေ သန်းသုံးထောင်ကျော်ရှိ အရှေ့အာရှထဲမှ ၅၃ သန်းသာဖြစ်သည်။ ယှဉ်ပြိုင်ကြိုးပမ်းနေထိုင်ရမည့် ပထဝီဝင်အနေအထားနှင့် ခေတ်ကာလထဲကို ရောက်နေသည်။ နိုင်ငံကြီး နှစ်နိုင်ငံအကြားရှိသဖြင့် အချက်အချာလည်းကျ၊ သယံဇာတလည်းကြွယ်ဝဆိုပြီး ငြိမ်နေရုံဖြင့် ဘာမှဖြစ်မလာနိုင်။ သဘာဝအရင်းအမြစ်ကိုလည်းအားကိုး၊ ပတ်ဝန်းကျင်ကိုလည်းထိန်းသိမ်း၊ လုံ့လဝီရိယလည်းပါ၊ ပညာအမြော်အမြင်နှင့် ပေါင်းစပ်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ နည်းပညာနှင့် တွဲသုံးလိုက်လျှင် ဧကန်မုချဖွံ့ဖြိုးတိုးတက်ချမ်းသာလာမည်။ မြန်မာနိုင်ငံအတွက် လိုအပ်နေသည်မှာ ငြိမ်းချမ်းရေးဖြစ်၍ တွေ့ကြုံခဲ့ရသော အတိတ်နှင့်ပစ္စုပ္ပန်ဖြစ်ရပ်များကို သင်ခန်းစာယူကာ တန်ဖိုးမဖြတ်နိုင်သည့် ငြိမ်းချမ်းရေးအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဒီမိုကရေစီကို မှန်မှန်ကန်ကန်ကျင့်သုံးနိုင်ဖို့ လိုအပ်ချက်များရှိနေတတ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဆိုသော်လည်း မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန် လိုပါမည်၊ ဖက်ဒရယ်စနစ်၌ ကွဲပြားခြားနားမှုများရှိသော်လည်း မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကျင့်သုံးနိုင်ရန် လိုပါလိမ့်မည်။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်**

တိုင်းရင်းသားညီနောင်အားလုံး တန်းတူဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရန်အတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်။ သဟဇာတ၊ သမာသမတ် ဖေးမကူညီရိုင်းပင်းသည့် ဖက်ဒရယ်ကို တည်ဆောက်ရာတွင် ထိပ်တိုက်ရင်ဆိုင်ယှဉ်ပြိုင်မှုများ ရှောင်ရလိမ့်မည်။ နှလုံးသားနှင့် ဉာဏ်အမြော်အမြင်ကို အခြေခံသည့် ပူးပေါင်းဆောင်ရွက်မှုကို ကျင့်သုံးရလိမ့်မည်။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လမ်းကြောင်းသာ မြန်မာတိုင်းရင်းသားလူမျိုးရှစ်မျိုး၊ မျိုးနွယ်စုပေါင်း ၁၃၅ စုအတွက် တောင်ပေါ်မြေပြန့် မကွဲမပြားမခြားနားဘဲ ငြိမ်းချမ်းသာယာစေမည်၊ စည်ပင်ဝပြောမည်၊ စာမျက်နှာ ၁၄ သို့ ❂

# အကြိမ် (၆၀)မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်ခြင်းနှင့် ညစာစားပွဲ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၄

အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် တာဝန် ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအတွက် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ခြင်းနှင့် ညစာစားပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ကိုယ်စား) မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၈ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများအနေဖြင့် ပြပွဲအကြိုကာလ၊ ပြပွဲကျင်းပစဉ်ကာလနှင့် ပြပွဲကျင်းပပြီး ကာလများအတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းများကို စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုပြပွဲတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းရှင် MSME များကို အားပေးမြှင့်တင်ရန် ရည်ရွယ်၍ ကျောက်စိမ်းအတွဲများကိုလည်း သတ်မှတ် ရောင်းချခဲ့ကြောင်း၊ အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပပြုလုပ်ရခြင်း ရည်ရွယ်ချက်ဖြစ်သည့် နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေလည်း တိုးတက်ရရှိခဲ့ပါကြောင်း၊ ပြပွဲတွင် တက်ကြွစွာ တာဝန် ထမ်းဆောင်ခဲ့သော ဝန်ထမ်းများနှင့် တာဝန်ရှိသူများအား အထူးကျေးဇူးတင် ဂုဏ်ပြုအပ်ပါကြောင်းနှင့် နောင်ကျင်းပပြုလုပ်မည့် ပြပွဲများတွင် ပိုမိုအောင်မြင်အောင် ကြိုးစားပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများနှင့် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုဆု ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ရာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမင်းထွဋ်ဟန်နှင့် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးမျိုးလွင်တို့က ဝန်ထမ်းများကိုယ်စား လက်ခံရယူပြီး အထွေထွေမန်နေဂျာ ဦးမင်းထွဋ်ဟန်က ဂုဏ်ပြုဆု ချီးမြှင့်ခံရသူများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် ၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့်အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




❂ စာမျက်နှာ ၁၃ မှ

ဖွံ့ဖြိုးတိုးတက်စေမည်။ သူသူကိုယ်ကိုယ် အတိတ်သမိုင်းကြောင်းက အမှားများကို သင်ပုန်းချေနိုင်လိမ့်မည်။

**နိုင်ငံသည် စည်းလုံးညီညွတ်မှုရှိရပါမည်။ စည်းလုံးညီညွတ်မှုမရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ခက်သည်။ တင်းမာမှုနှင့် ထိပ်တိုက်ရင်ဆိုင် တိုက်ပွဲဝင်မှုများက ပို၍ဆိုးဖွယ်ရာသာဖြစ်လိမ့်မည်။ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ တစ်ဦးကိုတစ်ဦး ခွင့်မလွှတ်နိုင်ခြင်း၊ အမုန်းတရားနှင့် အကြမ်းဖက်လက်စားချေလိုခြင်း၊ စစ်မက်ဖြစ်လိုခြင်းတို့သည် လူ့လောကကြီးကို ပျက်စီးရာပျက်စီးကြောင်း ဖြစ်စေသည်။ ကျွန်တော်တို့ အတူတကွ လက်တွဲညီညာ စည်းစည်းလုံးလုံးဖွံ့ဖြိုးဖို့၊ အေးအတူပူအမျှ အတူတကွ လူ့လောကကို ဖြတ်သန်းကြသည့်အခါ အငြိုးအတေး၊ ရန်ငြိုးကင်းဖို့၊ စစ်မက်ကင်းဖို့ ဘေးဒုက္ခများနှင့် မကြုံကြိုက်ဖို့ ကြိုတင်တွက်ဆနိုင်သော အသိဉာဏ်သည် အလိုအပ်ဆုံးဖြစ်သည်။**

မြန်မာဝေါဟာရများအရ ဒီမိုကရေစီ (Democracy)၊ လွတ်လပ်မှု (Freedom)၊ လွတ်လပ်ရေး(Independence)၊ လွတ်မြောက်မှု (Liberation)၊ လူ့အခွင့်အရေး (Human Rights)၊ အတိုက်အခံပါတီ (Opposition Party)၊ ပြည်သူ့ဝန်ထမ်း (Public Servant)၊ အစိုးရဝန်ထမ်း (Government Servant)၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (Non-Government Organization) စသည်တို့၏ ဆိုလိုရင်းအဓိပ္ပာယ်များကို နားလည်ကြသော်လည်း သာမန်မြန်မာလူထုထဲတွင် ရှုပ်ထွေးနေတတ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီကို ကျင့်သုံးကြသော်လည်း အကျိုးဆက်ရလဒ်မှာ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူသည်ကိုတွေ့ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ (The Government of the Republic of the Union of Myanmar)၊ ဥရောပသမဂ္ဂ (European Union) ဆိုသည့်ဝေါဟာရတို့သည် အပေါင်းလက္ခဏာများ ဆောင်ရွက်နိုင်ဖို့ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပါသည်။

**အစိုးရတစ်ရပ်ဆိုသည်**

လွတ်လပ်ရေးရပြီးကာလနောက်ပိုင်း နှစ်ဆယ်ရာစုကုန်ဆုံးသည့် ကာလများတိုင် ပါလီမန်ဒီမိုကရေစီ၊ ဆိုရှယ်လစ်ဒီမိုကရေစီစနစ်များကို ဖော်ဆောင်နိုင်သည့် ဖွဲ့စည်းပုံများဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဖွံ့ဖြိုးသည်ထက်ဖွံ့ဖြိုးရန် ဆောင်ရွက်ခဲ့သည့်ကာလကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ကြုံခဲ့ကြသည်။ အစိုးရတစ်ရပ်ဆိုသည်မှာ ကာလအပိုင်းအခြားတစ်ခုအတွင်း၌ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးရသည့် နိုင်ငံတော်အဖွဲ့အစည်းတစ်ခုဖြစ်ရာ မည်သည့်အစိုးရ၊ မည်သည့်စနစ်ဖြင့် နိုင်ငံတော်ကို တာဝန်ယူဆောင်ရွက်သည်ဖြစ်စေ၊ အရေးကြီးဆုံးအချက်မှာ နိုင်ငံတော်၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေရေးကို အမှန်တကယ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။

အတိုက်အခံပါတီဆိုတိုင်း အစိုးရလုပ်သမျှ၊ စီမံသမျှ ထိပ်တိုက်တွေ့ ဆန့်ကျင်နေဖို့မဟုတ်။ ဒီမိုကရေစီကျင့်စဉ်အရ ကောင်းဖို့နည်းလမ်း၊ ကောင်းဖို့အတွက် အကျိုးအကြောင်းနှင့် ဝေဖန်သုံးသပ်ခြင်း၊ ညှိနှိုင်းခြင်းသည်သာ အတိုက်အခံ၏ အဓိပ္ပာယ်ဖြစ်သည်။ ဆန့်ကျင်တိုက်ပွဲဝင်ခြင်းသည် ဒီမိုကရေစီ၏အစွန်းတရားဖြစ်သည်။ အကျပ်အတည်း အခက်အခဲ၊ အစိုးမရလောက်သော အခြေအနေမျိုး တွေ့ကြုံသည့်အခါ တွေးခေါ်မြော်မြင်မှု အတွေ့အကြုံများအရ ဝေဖန်ပိုင်းခြားနိုင်သော အရည်အချင်းကို အခြေပြုကာ အပြောင်းအလဲလုပ်နိုင်ဖို့ ဒီမိုကရေစီသည် ဖွင့်ထားသော သဘောရှိသည်။

၁၉၈၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်နေ့တွင် ရော်နယ်ရီဂင် ဒုတိယသမ္မတသက်တမ်းလက်ခံသည့် ကျမ်းသစ္စာခံယူရာတွင် စွမ်းအားရှိသမျှ သမ္မတတာဝန်ကို ထမ်းဆောင်ဖို့နှင့် ဖွဲ့စည်းပုံကို သစ္စာရှိရှိ စောင့်သိလိုက်နာမည့်အကြောင်း ကတိပြုခဲ့ပါသည်။ သမ္မတ ရီဂင်က "အမေရိကန် ပြည်ထောင်စုမှာ ပါတီကြီးနှစ်ခုဟာ ပြဿနာအရပ်ရပ်နဲ့ စိန်ခေါ်မှုတွေကို ဖြေရှင်းပြီး အစိုးရဖြစ်လာတဲ့အခါ တိုင်းပြည်ရဲ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့တယ်။ ဒီမိုကရက်ပါတီ၊ ရီပတ်ဗလစ်ကင်ပါတီရယ်လို့ မဟုတ်တော့ဘူး။ ညီညွတ်တဲ့ အမေရိကန်တွေအဖြစ် တိုင်းပြည်ရဲ့ ရည်မှန်းချက်၊ တိုင်းသူပြည်သားတို့ရဲ့ မျှော်လင့်ချက်ကိုရှေးရှုပြီး အစိုးရယန္တရားကို ချောမွေ့အောင် လုပ်ဆောင်ကြရပါတယ်"လို့ နိုင်ငံကိုအသိပေးပြောကြားခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် အစိုးရဆိုသည် ဆရာကြီးဂုရု မဟုတ်၊ ပြည်သူ့ဝန်ထမ်းများသာ။ တိုင်းပြည်၏ လိုအပ်ချက်၊ တိုင်းပြည်အား အဘက်ဘက်မှဖွံ့ဖြိုးအောင် စီမံအုပ်ချုပ်မှု အခွင့်အာဏာများကို တိုင်းပြည်ကိုယ်စား ကြိုးပမ်းအားထုတ်ရသည့် သဘောဖြစ်ကြောင်း ပြောကြားသည်ကို တွေ့ရပါသည်။ ဒီမိုကရက်ပါတီ၊ ရီပတ်ဗလစ်ကင်ပါတီတို့သည် လက်ညှိုးထိုးအပြစ်မတင်၊ ဦးနှောက်ချင်းပြိုင်၊ နှလုံးသားချင်းကပ်၊ နိုင်ငံအတွက် ကိုယ့်တိုင်းပြည်က ပထမဖြစ်ရေး၊ ပြည်သူများ ကြီးပွားချမ်းသာရေး ဦးတည်ကြကြောင်း တွေ့ရပါသည်။

အတိတ်တွင် ကျန်ခဲ့ပြီဖြစ်သော ၂၀ ရာစု မြန်မာနိုင်ငံသည် အသစ်ပေါ်ထွန်းလာမည့် ၂၁ ရာစု မြန်မာနိုင်ငံအဖြစ် ဆက်လက်ထိန်းသိမ်းရာဝယ် နိုင်ငံရေးတည်ငြိမ်မှု ရင့်ကျက်လာအောင်၊ အကိုင်းအခက်၊ အသီးအပွင့်များ ဝေဝေဆာဆာဖြစ်သည့် အရိပ်ရသစ်တောကြီးဖြစ်အောင် အထွေထွေရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်မည့် ကိုယ်စားလှယ်တော်ကြီးများကို ရွေးချယ်ကြမည်ဖြစ်သည်။ **"တောကောင်းသဖြင့် ကျားလုံ၊ ကျားရှိသဖြင့် တောလည်းလုံခြုံ"** သကဲ့သို့ အချင်းချင်း အပြန်အလှန်အကျိုးပြုကြခြင်းဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

**ကောင်းပါပြီ၊ အနှစ်ချုပ်ကို တင်ပြရလျှင်**

- ကမ္ဘာ့လူသားတစ်ယောက်အဖြစ် မိမိတို့သည် ဘုရားဖူးသွားသော ခရီးသည်များသာ။ ဤကမ္ဘာမြေ၌ ရေစက်ဆုံကာ အသက်ရှင်ခွင့်ရှိသလောက်နေခဲ့ကြပြီ။ တစ်ခုတည်းသော မိုးကောင်းကင်အောက်တွင်နေ၊ တူညီသောလေကို ရှူခဲ့ပြီ။ ရေကြည်ကို သောက်ခဲ့ကြပြီ။ မြေမှပေါက်သည့် သီးနှံတို့ကို စား၊ ဝေငှလှူဒါန်းမှုများလည်းပြုခဲ့ကြပြီ။ မိမိတို့တစ်တွေ ရှေ့ခရီးမရှည်စေလို။
- မြန်မာတိုင်းရင်းသားတို့၏ ကောင်းကျိုးအတွက် မြော်မြင်တွေးခေါ် ကြံစည်စိတ်ကူးကြမှ၊ အသိဉာဏ်နှင့်ယှဉ်ပြီး အနာဂတ်ခရီးကို သတိရှိရှိနှင့်လျှောက်လှမ်းကြမှ၊ ကုသိုလ်စိတ်နှင့် တန်ဖိုးထားနေထိုင်ကြမှ နေခဲ့သမျှ နေရနိုင်မည့်ကာလအတွက် ကျေးဇူးတရားသိရာ၊ ဆပ်ရာကျလိမ့်မည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ထောင်ကြရာဝယ် ရန့်သင်း၍ ရောင်စုံဖူးပွင့်မည့် အဆင်းလှသော ပြည်ထောင်စုပန်းဥယျာဉ်ဟု တင်စားလိုသည်။ အရောင်လည်းစုံ၊ ရန့်လည်းသင်းသည့် ပန်းများရှိရာသို့ ပျားပိတုန်း၊ လိပ်ပြာတို့ကဲ့သို့ ပြည်သူများ ဝဲပျံလာကြပေမည်။ အလှချင်းပြိုင်ကြမည့် နိုင်ငံရေးအခင်းအကျင်းသစ်ဟုခေါ်တွင်မည့် ဤဥယျာဉ်အတွင်း ပြည်သူတစ်ရပ်လုံး ပျော်ရွှင်ကြည်နူးစွာ တစည်းတလုံးတည်း နေချင်ကြပါသည်။ စိန်ခေါ်မှုများ မည်သို့ပင်ရှိသည်ဖြစ်စေ မြန်မာတိုင်းရင်းသား အပေါင်းတို့၏ နှလုံးရည်၊ လက်ရုံးရည်၊ ဓွဲ၊ လုံ့လ၊ ဝီရိယ၊ သမာဓိ၊ သတိများဖြင့် **"ရှေ့သို့ချီမည် ပန်းတိုင်ဆီသို့"** လျှောက်လှမ်းကြမည်ဖြစ်သည်။

တစ်ဦးတစ်ယောက်စီ၏စိတ်တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာများပွားလျှင် ကမ္ဘာကြီးကိုပင် တည်ငြိမ်အေးချမ်းစေကြောင်း မိမိတို့သည် မိုးကုပ်စက်ဝိုင်းတစ်ဆုံးအထိ လေ့လာစရာများ ကိုယ့်ရှေ့တွင် ရှိနေသည်မို့ သင်ယူရင်း ခရီးဆက်ကြရဦးမည်ဖြစ်ပါကြောင်း မေတ္တာဖြင့် ရေးသားအပ်ပါသည်။ ။

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# သူနာပြုသင်တန်းကျောင်း(မန္တလေး) (၁၀)ကြိမ်မြောက် သူနာပြု သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း အောင်လက်မှတ်အပ်နှင်း





**မန္တလေး ဒီဇင်ဘာ ၂၄**

သူနာပြုသင်တန်းကျောင်း(မန္တလေး) (၁၀)ကြိမ်မြောက် သူနာပြု သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း အောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ သူနာပြု သင်တန်းကျောင်းအုပ်ကြီး၊ ဆေးရုံအုပ်ကြီးများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းဂုဏ်ပြုစကားပြောကြားပြီး သူနာပြု သင်တန်းကျောင်း(မန္တလေး) ဒုတိယကျောင်းအုပ်ကြီးက သင်တန်းဆင်းအမှာစကားနှင့် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် သူနာပြု သားဖွားဒီပလိုမာ သုံးနှစ်သင်တန်း၌ တက်ရောက်အောင်မြင်ခဲ့ကြသည့် သူနာပြုသင်တန်းကျောင်း(မန္တလေး)မှ ၅၉ ဦး၊ ကလေးသူနာပြုနှင့် သားဖွားသင်တန်းကျောင်းမှ ၂၄ ဦး၊ ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်းမှ ၃၃ ဦး စုစုပေါင်း ၁၁၆ ဦးကို အောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၄**

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ (ရန်ကုန်) တို့မှ တာဝန်ခံများနှင့် အရာထမ်း၊ အမှုထမ်းများက အွန်လိုင်းစနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အသိပညာပေး ဟောပြောပွဲတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ကျင်းပ ဆောင်ရွက်ခဲ့သည့် ရွေးကောက်ပွဲများနှင့် မဲစနစ်များ၊ အနိုင်ရသူအကုန်ယူစနစ် (First-Past-the-Post – FPTP) စနစ်၏ အားသာချက် အားနည်းချက်များ၊ အချိုးကျကိုယ်စားပြုစနစ် (PR) စနစ်၏ အားသာချက် အားနည်းချက်များ၊ ကိုယ်စားပြုမှု အချိုးညီမျှစေရေးအတွက် ဦးတည်ချက်ထား၍ မတူညီသည့် ရွေးကောက်ပွဲစနစ်ပုံစံ နှစ်မျိုးဖြင့် ၂၀၂၅ ခုနှစ် မြန်မာနိုင်ငံ ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း။

မဲပေးပိုင်ခွင့် ရှိသောသူများအားလုံးသည် မိမိတို့၏ မဲစာရင်းများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ရုံးများတွင် ကြည့်ရှုစစ်ဆေး၍ မဲစာရင်းအမှတ်စဉ်များ မှတ်သားထားရန် ဖြစ်ကြောင်း၊ မဲစာရင်းအမည်မပါပါက သတ်မှတ်ပုံစံများဖြင့် လျှောက်ထားရန် ဖြစ်ကြောင်း၊ မဲပေးသည့်နေ့တွင် နိုင်ငံသား စိစစ်ရေးကတ်ပြား ယူဆောင်သွားကြရန်နှင့် ဝန်ထမ်းအားလုံး မဖြစ်မနေဆန္ဒမဲပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဟောပြောပွဲသို့ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်ညွှန်ကြားရေးမှူး ရုံးများနှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)တို့မှ ဝန်ထမ်း စုစုပေါင်း ၃၉၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုပုံးမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲကျင်းပ



**ဟိုပုံး ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ ဟိုပုံးမြို့နယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (တောင်ပိုင်း) တာဝန်ခံ ဦးခင်မောင်ဦးသည် ယနေ့နံနက် ၉ နာရီခွဲက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ ဟိုပုံးမြို့နယ်၌ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မင်းဝင်း၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခွန်သိန်းရွှေနှင့်အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ MEVM မဲပေးစက် ကြီးကြပ်ရေးနှင့် နည်းပညာ အထောက်အကူပြုအဖွဲ့တို့မှတာဝန်ရှိသူများ၊ ဟိုပုံးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၈ အုပ်စုမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်တွေ့ဆုံကာ ဟိုပုံးမြို့နယ်တွင် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က လက်ရှိဆောင်ရွက်လျက်ရှိသော ရပ်/ကျေးကြိုတင်မဲပေးခြင်းလုပ်ငန်းများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲအတွက် မဲရုံ၊ မဲရုံအဖွဲ့ဝင်များနှင့် MEVM မဲပေးစက်များ အသင့်ပြင်ဆင်စုဖွဲ့ သယ်ဆောင်ဖြန့်ခွဲထားရှိရေး၊ မဲရုံသုံးပစ္စည်းများ မဲစာရင်းအပါအဝင် အသုံးပြုရမည့် ပုံစံစာရင်းဇယားများအား စနစ်တကျ ပြင်ဆင်ထားရေး၊ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရေး၊ MEVM စက်များ၊ SD card၊ BU Paper၊ အရန်မဲပေးစက်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက အပိုင်း(၁) ပါဝင်သည့် ဟိုပုံးမြို့နယ်တွင် အသုံးပြုမည့် MEVM စက်များ ရပ်/ကျေး အုပ်စုများရှိ မဲရုံများသို့ သယ်ယူပို့ဆောင်ဖြန့်ခွဲမည့်အစီအမံများ၊ မဲဆန္ဒရှင်စာရင်းများနှင့် ရွေးကောက်ပွဲအတွက် ကြိုတင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တက်ရောက်လာသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ မေးမြန်းဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း မှာကြားကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက MEVM စက်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ပေါင်မြို့နယ်၌ ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကျေးရွာများ၏ ဝင်ငွေတိုးပွားရေးကဏ္ဍ ရန်ပုံငွေ ပြန်လည်ပေးအပ်

**ပေါင် ဒီဇင်ဘာ ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ၂၀၂၆ ခုနှစ် ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကျေးရွာများ၏ ဝင်ငွေတိုးပွားရေးကဏ္ဍအရင်းနှင့်အတိုးများ လွှဲပြောင်းအပ်နှံခြင်းနှင့် ရန်ပုံငွေပြန်လည်ပေးအပ်ခြင်းတို့ကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**လွှဲပြောင်းအပ်နှံ**

အခမ်းအနားတွင် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာ၌ မြန်မာဆယ်မားအူးလ်အွန်ဒုန်ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းလွန်ကာလ ၂၀၂၅ ခုနှစ်၏ဝင်ငွေတိုးတက်ရေးကဏ္ဍ အရင်းနှင့်အတိုးရရှိငွေများကို လွှဲပြောင်းအပ်နှံရာ အဟောက်ကျေးရွာ၊ ဒေးကင်းကျေးရွာ၊ ဥက္ကံကျေးရွာ၊ ကော့ထော်ကျေးရွာနှင့် ကဒိုင်ကျေးရွာများမှ စိုက်ပျိုးရေးဦးစီးဌာနသို့ စုစုပေါင်း ငွေ ၄၂၁၁၄၇၃၈၉ ကျပ်အား လွှဲပြောင်းအပ်နှံသည်။

ထိုကျေးရွာများသို့ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း၊ စီမံကိန်းလွန်ကာလ ၂၀၂၆ ခုနှစ်အတွက် ဝင်ငွေတိုးကဏ္ဍ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍနှင့် လူနေမှုပတ်ဝန်းကျင်တိုးတက်ရေးကဏ္ဍ ကဏ္ဍ(၃)ရပ်တွင် သုံးစွဲရန်အတွက် ရန်ပုံငွေ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# မင်းဘူး(စကု)မြို့နယ် ချောင်းဖြူကျေးရွာ၌ ဆားပွက်ချောင်းရေတိုက်စားမှု ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**မင်းဘူး ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ချောင်းဖြူကျေးရွာ၌ ဆားပွက်ချောင်း ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။



ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၄) မကွေးတိုင်းဒေသကြီး ရုံးမှ လူမှုစီးပွားဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ် ၃၃၅ သန်းဖြင့် တာဝန်ယူ ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ လုပ်ငန်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၉ ရက်မှ စတင် ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၈ ရက်တွင် ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးနောင်နောင်ဇော်လေးက ပြောသည်။

ချောင်းဖြူကျေးရွာ၌ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့် အတွက် စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ လူနေအိမ်များ၊ ကျေးရွာလမ်းများနှင့် စိုက်ပျိုးမြေများ ထိခိုက်ပျက်စီး ဆုံးရှုံးမှုဒဏ်မှ ကြိုတင် ကာကွယ်နိုင်မည့်အပြင် မိုးတွင်ကာလ ဆားပွက်ချောင်း ရေတိုက်စားမှုဒဏ်မှ နှစ်စဉ် ကင်းဝေးနိုင်ရန် ဒေသခံများက ကမ်းပြို ကာကွယ်ရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းပူးပေါင်းပြီး ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၄**

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသုနန္ဒာက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာထိပ်တင်ဟန်နှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာခင်နွဲ့အေးတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ ဌာနအသီးသီးမှ ဌာနမှူး၊ သင်တန်းရေးရာဌာန အရာထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား မိတ်ဆက်ပေးခြင်းအစီအစဉ်ကို စတင်ခဲ့ကြပြီး ဘာသာရပ်များကိုယ်စား ဓာတုဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာမြင့်ငွေက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဇလွန်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်နိုင်ရေး တစ်အိမ်တက်ဆင်းစစ်ဆေး

**ဇလွန် ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို ဇလွန်မြို့ရပ်ကွက်များအတွင်း၌ ယနေ့မွန်းလွဲပိုင်းက တစ်အိမ်တက်ဆင်း စစ်ဆေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇလွန်မြို့နယ် မီးသတ်ဦးစီးဌာန၊ လက်ထောက်ဦးစီးမှူး ဦးပြည့်စုံအောင် ဦးဆောင်ကာ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်လျှပ်စစ်ရုံးမှ တာဝန်ရှိသူများပူးပေါင်းအဖွဲ့က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို တစ်အိမ်တက်ဆင်း ကြည့်ရှုစစ်ဆေး အကြံပြုခဲ့ကြောင်း သိရသည်။

**အောင်သင်း**





# သမဝါယမအသင်းစုချုပ်လီမိတက်၏ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၂၃ ရက်က တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် တိုင်းဒေသကြီးအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌဦးဆန်းမောင်က ဆောင်ရွက်ပြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားသည်။ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်အစီရင်ခံစာ၊ အသင်းစာရင်းစစ်အဖွဲ့၏အစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းတို့အား အမှုဆောင်ဒါရိုက်တာအဖွဲ့က ဖတ်ကြားရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်များက အတည်ပြုလက်ခံခဲ့ကြသည်။ ဆက်လက်၍ တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များအား အကျိုးအမြတ်ငွေကျပ် ၁၄၄၄၄ ဒသမ ၇၂၅၅ သိန်းကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

**မေချို**

# ကလောမြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ကလော ဒီဇင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ရွေးကောက်ပွဲကို မကြာမီကျင်းပတော့မည်ဖြစ်ရာ (တတိယ)အကြိမ် မဲဆန္ဒရှင်စာရင်းများအား ဒီဇင်ဘာ ၂၄ ရက်က သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကြေညာထားရှိမှုကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် ကလောခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိစေရေးအတွက် မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံမေးမြန်းပြီးလိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**ကျော်ဝင်း(ကလော)**





# ကံမမြို့နယ်အတွင်းရှိ မဲရုံများ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**ကံမ ဒီဇင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန၏ လမ်းညွှန်ချက်အရ မီးဘေးကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကံမမြို့နယ်အတွင်း မဲရုံအဖြစ်အသုံးပြုမည့်နေရာများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ကံမမြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဇော်ထက်နိုင် ဦးဆောင်၍ စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကောင်းစစ်နိုင်**



# ကျောင်းကုန်းမြို့ရှိ စက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေး

**ကျောင်းကုန်း ဒီဇင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီကြီးကျေးရွာ ပုသိမ်-မုံရွာ ကားလမ်းဘေးရှိ “ချမ်းမြေ့ဇော်” ဆန်စက်နှင့် အခြားစက်ရုံ၊ အလုပ်ရုံများအား မီးဘေးလုံခြုံရေးအတွက် ယမန်နေ့နံနက်ပိုင်းတွင် ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေးကြသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသစ္စာထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စက်ရုံ၊ အလုပ်ရုံများ၌ မီးသတ်ဆေးဘူးထားရှိမှု၊ လျှပ်စစ်သွယ်တန်းသုံးစွဲမှု၊ မီးသုံးစွဲမှု၊ မီးဘေးတားဆီးကာကွယ်ရေးပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများကိုစစ်ဆေးကာ လိုအပ်သည်များ လိုက်နာဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃) နယ်မြေအား ဖောက်ခွဲဖျက်ဆီးမှု။




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် လေးထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

❂ ကျောဖုံးမှ

ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း နှစ်ထပ်အဆောက်အအုံ ၄၆ လုံးကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၆၉ လုံးကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင် ခုနစ်ထပ်အဆောက်အအုံ နှစ်လုံးကို ထပ်မံချိပ်ပိတ် သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံစုစုပေါင်း ၁၆၃ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

၎င်းအပြင် K K Park နှင့်ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများကို ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

## လွိုင်လင်မြို့နယ်၌ ပထမအကြိမ်ဘိန်းစိုက်ခင်း ၁၆၉၉ ဧကကို ဖျက်ဆီးနိုင်ခဲ့



လွိုင်လင် ဒီဇင်ဘာ ၂၄

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် လွိုင်လင်-မိုင်းပွန်-ပင်လုံမြို့များ၏ အနောက်ဘက် တောင်ကုန်း၊ တောင်စောင်း၊ လျှိုမြောင်များ၌ စိုက်ပျိုးထားသော ဘိန်းစိုက်ခင်းများကို ဒီဇင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ ပထမအကြိမ် ဘိန်းခင်းဖျက်ဆီးရေးအဖွဲ့ နှစ်ဖွဲ့ခွဲ၍ ဘိန်းစိုက်ခင်း ၁၆၉၉ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

ထိုသို့ ဘိန်းစိုက်ခင်းများဖျက်ဆီးရာတွင် လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သန်းထွန်းအောင် ဦးစီးသည့် တပ်မတော်သားများ၊ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး မိုးညွန့်ထွန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပလကဖအဖွဲ့များက ဒီဇင်ဘာ ၁၅ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ ပင်လုံမြို့အနောက်ဘက် တောင်စောင်းများ၌ စိုက်ပျိုးထားသော အမြင့်သုံးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းများကိုလည်းကောင်း၊ ထို့အတူ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးနိုင်ထွန်း ဦးစီးသည့် ပူးပေါင်းအဖွဲ့က ဒီဇင်ဘာ ၉ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ မိုင်းပွန်မြို့ အရှေ့တောင်ဘက်ရှိ ဘိန်းစိုက်ခင်းများ၊ လွိုင်လင်မြို့ အနောက်ဘက် တောင်ကုန်း၊ တောင်စောင်းနှင့် ပင်လုံမြို့ အနောက်တောင်ဘက်ရှိ တောင်စောင်းများတွင် စိုက်ပျိုးထားသော အမြင့်သုံးပေခန့်ရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်းများကိုလည်းကောင်း သွားရောက်ဖျက်ဆီးခဲ့ရာ လွိုင်လင်မြို့နယ် လွိုင်လင်-ပင်လုံ-မိုင်းပွန်တို့၌ ပထမအကြိမ်အဖြစ် ဘိန်းစိုက်ခင်း စုစုပေါင်း ၁၆၉၉ ဧကကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လှည်းကူးမြို့နယ်အတွင်းရှိ မဲပေးစက်ထားရှိမည့်နေရာနှင့် မဲရုံများ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

လှည်းကူး ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်း ဒေသကြီး လှည်းကူးမြို့နယ်တွင် မဲပေးစက်ထားရှိမည့်နေရာနှင့် မဲရုံများ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ဒီဇင်ဘာ ၂၃ ရက်က မြို့ပေါ် ရပ်ကွက်/ ကျေးရွာများရှိ မဲရုံများသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်၊ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်/ကျေးအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

❍ အာဆီယံမှ

တစ်ပွဲကစား တစ်မှတ်ရထားပြီး နှစ်ပွဲကစားထားသည့် မြန်မာအသင်းနှင့် တစ်ပွဲကစားထားသည့် ဘရူနိုင်းအသင်းတို့မှာမူ အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် ဒီဇင်ဘာ ၂၅ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အာဆီယံ ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (B) ဒုတိယနေ့တွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲတွင် မလေးရှားအသင်းကို သရေကစားထားသော်လည်း ယခုပွဲဂိုးပြတ်ရှုံးပွဲကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးနည်းသွားပြီဖြစ်သည်။ မြန်မာအသင်းသည် ပွဲကုန်နှစ်ပွဲကစား တစ်မှတ်ပဲရသေးပြီး အင်ဒိုနီးရှားအသင်းက တစ်ပွဲကစားသုံးမှတ်၊ မလေးရှားအသင်းက တစ်ပွဲကစား တစ်မှတ်ရထားသည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

## မိတ္ထီလာမြို့နယ်၌ အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်



မိတ္ထီလာ ဒီဇင်ဘာ ၂၄

မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က အလည်ရွာတိုက်နယ်ဆေးရုံသို့ ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည်။

**ကြည့်ရှုကုသပေး**

မိတ္ထီလာမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိ ဦးဆောင်သော ဘာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးများပါဝင်သော ဆေးကုသရေးအဖွဲ့သည် အလည်ရွာတိုက်နယ်ဆေးရုံတွင် အလည်ရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ အထွေထွေရောဂါလူနာ ၇၅ ဦး၊ ခွဲစိတ်ရောဂါဆိုင်ရာလူနာ ၁၄ ဦး၊ အရိုးရောဂါဆိုင်ရာလူနာ၆၇ဦး၊သားဖွားမီးယပ်ရောဂါလူနာ ၁၁ ဦး၊ ကလေးရောဂါလူနာ ၁၃ ဦး၊ မျက်စိရောဂါလူနာ ၆၈ ဦး၊ အကြောအဆစ်ရောဂါလူနာ ၃၀၊ ဓာတ်မှန်ရိုက်လူနာ ၃၈ ဦး၊ သွားနှင့် ခံတွင်းလူနာ ၁၈ ဦးတို့အား ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး လွှဲပြောင်းလူနာ လေးဦးအား မိတ္ထီလာမြို့ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ လိုအပ်သောကုသမှုများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆေးကုသပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှု၍ လာရောက်ပြသသော ပြည်သူများအား အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mo Mo Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၀) ရပ်ကွက်နေ မိုမိုအောင် အား ည ၁၀ နာရီ ၅ မိနစ်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆၈)၊

(၁) မြေကွက်အမှတ်(၆၈၈)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ **ဦးသန့်ဇင်** (ISN-၂၀၄၉၅၃)[၁၃/ကတန (နိုင်) ၀၀၈၄၅၆] အမည်ပေါက် ပါမစ်မြေကွက်၊

(၂) မြေကွက်အမှတ်(၆၈၉)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ **ဒေါ်တင်မြင့်ကြည်** [၁၂/ပဘတ (နိုင်) ၀၀၈၆၁၉] အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးငွေစိုးထွန်း** [၅/ကနန (နိုင်) ၀၀၈၂၁၉]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို(LL.B) ဒေါ်စန္ဒာဝင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**

**အမှတ်(၈၂၈/ခ)၊ ကျွန်းချောင်းမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊တပ်ရွာ၊ တက်သစ်အုပ်စု၊ ရွာလယ်လမ်း၊ (ဒေါ်ထားကြည် အိမ်၏ခေါင်းရင်းဘက်ခြမ်း)ဧရိယာအကျယ်အဝန်း ၂၀ ပေx၁၀၀ ပေ (မြေပြင်အရှိ) ရွာမြေအမျိုးအစားမြေနှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသော နေအိမ်တစ်လုံး၊ ကိုယ်ပိုင်မီတာတစ်လုံး အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** မူလပိုင်ရှင် ဖြစ်သော ကိုအောင်မျိုးချစ်[၁၂/ထတပ(နိုင်) ၀၉၇၄၉၃]က ဒေါ်မြင့်မြင့်ယဉ် [၁၂/ရပသ(နိုင်) ၀၁၁၁၈၀]ထံသို့လည်းကောင်း၊ ဒေါ်မြင့်မြင့်ယဉ်က ဒေါ်ချိုချိုဝင်း[၁၂/အစန(နိုင်) ၀၆၀၆၈၆]ထံသို့လည်းကောင်း အဆင့်ဆင့်လွှဲပြောင်းရောင်းချခဲ့ရာ ယခုအခါ အဆိုပါအိမ်ခြံမြေသည် ဒေါ်ချိုချိုဝင်း၏ လက်ဝယ်တွင်တည်ရှိပြီး ဒေါ်ချိုချိုဝင်းက လက်ရှိထားပိုင်ဆိုင်ပါသည်။ အဆိုပါအိမ်ခြံမြေကို ဒေါ်ချိုချိုဝင်းက မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပါကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစတင်ရေတွက်၍ (၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးသီတာမင်း LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၀၇၃/၂၀၁၆)**

**အမှတ်(၁၂၂)၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊**

**(၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**၀၉- ၄၄၃၁၁၅၆၆၅၊ ၀၉- ၇၉၅၉၆၉၅၁၃**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာ၊ တိုက်(၁၄)၊ အခန်း(၀၀၃)နေ ဦးမြင့်အေးအောင် [၁၂/ပဇတ (နိုင်) ၀၃၀၈၀၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာ၊ တိုက် (၁၄)၊ အခန်း (၀၀၅)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂) ရပ်ကွက်၊ အနော်ရထာလမ်း၊ အနော်ရထာအိမ်ရာ၊ တိုက် (၁၄)၊ အခန်း (၀၀၆) တိုက်ခန်း (၂)ခန်းနှင့် ယင်းတိုက်ခန်း (၂) ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးမြင့်အေးအောင် [၁၂/ပဇတ (နိုင်) ၀၃၀၈၀၀]မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ဦးမြင့်အေးအောင်နှင့် ၎င်း၏မိသားစုများကသာ တရားဝင်ပိုင်ဆိုင်ပါသည်။ အဆိုပါတိုက်ခန်း (၂)ခန်း၏ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး လူမှုကွန်ရက်တွင်လည်းကောင်း၊ ပြင်ပတွင်လည်းကောင်း မဟုတ်မမှန်ရေးသားခြင်း၊ ပြောဆိုခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ချိုချိုလင်း LL.B, H.G.P, D.B.L, D.I.L, D.M.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၀၁၁)**

**အမှတ် (၄၇)၊ ၃-လွှာ၊ ဓမ္မာရုံလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်၊**

**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း - ၀၉-၂၅၀၃၅၆၃၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁/ကံဘဲ့၊ မြေကွက်အမှတ်- ၃/၁၁၆၊ ဧရိယာ(၀.၀၈၈)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၂၊ သဇင်ဖြူလမ်းသွယ်(၂)လမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးခင်မောင်ကျော် [၁၂/ရကန(နိုင်) ၀၆၇၃၉၂]၊ ဒေါ်သိင်္ဂီသွင် [၇/ပခန(နိုင်)၀၁၅၄၁၀] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ကျော်၊ ဒေါ်သိင်္ဂီသွင်တို့ (၂)ဦးအနက် အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်သိင်္ဂီသွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးလည်းဖြစ်သူ(ခင်ပွန်း)ဖြစ်သူ ဦးခင်မောင်ကျော်[၁၂/ရကန(နိုင်)၀၆၇၃၉၂]မှ ဒေါ်သိင်္ဂီသွင်၏ တစ်ဦးတည်းသောတရားဝင်ခင်ပွန်းဖြစ်ကြောင်း၊ အခြားသော ခင်ပွန်း၊ ယောကျ်ားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ၅-၁၂-၂၀၂၅ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဂရန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(Open Tender)

၁။ ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ဖြည့်စွက်အသုံးစရိတ်ဖြင့် တည်ဆောက်ရေးလုပ်ငန်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**ပြည်နယ်ဘတ်ဂျက်**

အားကစားကွင်းအုတ်တံတိုင်းကာရံခြင်း။

၂။ တင်ဒါလျှောက်လွှာပုံစံ - (၂၉ -၁၂-၂၀၂၅)
ရောင်းချမည့်ရက်
အချိန် - နံနက်(၉:၃၀)နာရီမှညနေ(၁၆:၃၀)နာရီ
တင်ဒါပိတ်မည့် ရက်/အချိန် - (၁၁-၁-၂၀၂၆) ညနေ (၁၆:၃၀)နာရီ
တင်ဒါဖွင့်မည့် ရက် / အချိန် - (၁၂-၁-၂၀၂၆) နံနက် (၁၀:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-
ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊တောင်ကြီးမြို့
- 09774587769

**ညွှန်ကြားရေးမှူး**

**ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**

**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၆၁) ရပ်ကွက်၊ ရောချမ်းသာအိမ်ရာ၊ တိုက်(9A)၊ အခန်း(၁၉၈)၏ အမည်ပေါက် ဦးရဲအောင် [၁၂/ပဇတ(နိုင်)၀၂၇၇၄၈]ထံမှ ဒေါ်တင်ဇာမင်းမင်းပြည့် [၁၂/စခန(နိုင်) ၀၁၉၈၈၈] က စာချုပ်စာတမ်းဖြင့်ဝယ်ယူထားပြီး တိုက်ခန်း ပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**

**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၄ ၊ မြေကွက်အမှတ်-၄၃၇၊ အလျား-၄၀ပေxအနံ-၆၀ပေအနက်မှ မြေကွက်အမှတ်-၄၃၈ နှင့်ကပ်လျက်၊ အလျား-၂၀ပေx အနံ-၆၀ပေ(မူရင်းခြမ်း)၊ ဒေါ်ဝင်းဝင်းကြည် (ဘ) ဦးဘကျော်၊ (CE-၀၄၀၀၃၁) [၁၂/ဗဟန(နိုင်)၀၂၁၇၅၄] မြေချပါမစ်အမည်ပေါက် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**ကို လက်ရောက် ရယူပိုင်ဆိုင်လျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်မြင့်မြင့်ကြွယ် (ဘ) ဦးထွေးတင် [၁၁/အမန(နိုင်)၀၂၉၁၈၇]**ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ (၇)ရက် (ခုနစ်ရက်)အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်လေး**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၀၉၈) (၂၉-၇-၂၀၁၄)**

**တိုက်-၉/၁၁၊ အခန်း- ၁၀၃/စီ(ပထမထပ်)၊ ၃၆ လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၄၄၃၀၉၀၂၆၈**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၁)ရပ်ကွက်၊ မြို့ဟောင်း(၃)လမ်း၊ အမှတ် (၈၃၁) ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၃)ထပ်ခွဲတိုက် အဆောက်အဦ၏ ပထမထပ်၊ ၃-လွှာ၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂½ပေx ၅၀ပေ)ရှိ ရေ၊ မီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစန်းမင်းနိုင် [၇/သဝတ (နိုင်) ၀၆၃၀၂၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**

**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း - ၀၉-၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၁၄၅)၊ မြေကွက်အမှတ် (၉၉၈)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးစစ်ဦး [၁၂/ဗတထ (နိုင်) ၀၂၂၆၂၉]ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီနီဦး [၅/ကဘလ(နိုင်)၁၀၈၅၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေကြည် [၉/မရတ(နိုင်)၀၉၄၂၄၇]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**

**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၈)ရက်နေ့မှ စတင်ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအား ကြိုဆိုလှုံ့ဆော်မှု အစီအစဉ်အဖြစ် (၂၆-၁၂-၂၀၂၅)ရက် (သောကြာနေ့)ညတွင် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"ဒို့အတူတူ မဲပေးကြမယ်"** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၆-၁၂-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"ဒို့အတူတူ မဲပေးကြမယ်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ပိုပြီးလှပပါစေ | ဌာနအဆိုရှင် |
| ၂။ | ဆန္ဒမဲပေးကြမည် | ဌာနအဆိုရှင် |
| ၃။ | အသဲကြားကမဲတစ်ပြား | ပြင်ပအဆိုရှင် |
| ၄။ | မဲပေးစို့ | ပြင်ပအဆိုရှင် |
| ၅။ | ရွေးကောက်ပွဲတေးသံချို | ပြင်ပအဆိုရှင် |
| ၆။ | ဆန္ဒမဲပေးကြပါ | ပြင်ပအဆိုရှင် |
| ၇။ | ရွေးချယ်ကြမယ်ပြည်သူ့ကိုယ်စားလှယ် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော်ဆုရအဆိုရှင် |
| ၈။ | တူတူမဲသွားပေးကြစို့ | ပြင်ပအဆိုရှင် |
| ၉။ | ကိုယ်စားလှယ်ကောင်းသို့ မဲပေးစို့ | ပြင်ပအဆိုရှင် |
| ၁၀။ | အရွေးမမှားနဲ့ အမှားမရွေးနဲ့ | ပြင်ပအဆိုရှင် |
| ၁၁။ | အနာဂတ်မျှော်ရည်မဲပေးမည် | Group Song |

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့နယ်၊ ညောင်နီကျေးရွာနေ မစုစုလှိုင် [၁၂/သခန(နိုင်)၁၅၈၈၄၈]၏ ဖခင်ဖြစ်သူ ဦးခင်ဟံညွှန့်နှင့် ဦးခင်ဟန်ညွှန့်[၁၂/သခန(နိုင်)၀၂၂၃၃၉] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခင်ဟန်ညွှန့်**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ သာကေတမြို့နယ်၊ (၇) အရှေ့ ရပ်ကွက်၊ ဧရာဝဏ်လမ်း၊ အမှတ် (၈)နေ ဦးသက်ဆွေ (ဘ) ဦးမြင့်ဦး [၁၂/သကတ (နိုင်) ၁၇၁၃၉၉] ပိုင်ဆိုင်သော သိန်းစုစံ (၁)၊ သိန်းစုစံ (၂) ရေယာဉ်၏ မှတ်ပုံတင်လိုင်စင် နှင့် ယာဉ်မောင်းကတ်များ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၄၅၃၃၃၀၉**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက် အမှတ်(၉၈၁/ခ)၊ မြေကွက်တည် နေရာအမှတ် (၉၈၁/ခ)၊ (၃၀)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ဦးမြင့်မောင် (NTN-044019) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမြင့် မောင်မြေကွက်အား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၇၄၆၄/၂၀၂၅ (၂၉-၈-၂၀၂၅)ဖြင့် ရရှိသူ ဒေါ်စန်းရီ [၁၂/ဥကတ(နိုင်) ၀၈၅၄၁၆]မှ ဂရန် မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန် ပျောက်ဆုံးသည်မှာ မှန်ကန် ကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၀၀၈၇/၂၀၂၅ (၁၈-၉-၂၀၂၅) ကိုယ်တိုင်ဝန်ခံချက်၊ Obj၊ ဝန်ဆောင်ခ တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက် ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ် နည်းအတိုင်း ဆက်လက်ဆောင် ရွက်ပေးမည်ဖြစ်ပါကြောင်း အသိ ပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်**

**စည်ပင်သာယာရေးကော်မတီ**

## အသိပေးအကြောင်းကြားခြင်း

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွှေလင်ပန်း(Commercial Area)အိမ်ရာ တိုက်အမှတ် (၁၄)၊ အခန်း(၂၀၂)၊ တန်ဖိုး (၂၃၀)သိန်းဖြင့် ဝယ်ယူခွင့် ရရှိသူ ဒေါ်တင်တင်အေး [၁၂/ဒလန(နိုင်)၀၃၁၇၃၅] နှင့် တိုက်အမှတ် (၁၃)၊ အခန်း(၃၀၂)၊ တန်ဖိုး (၂၄၀)သိန်းဖြင့် ဝယ်ယူခွင့်ရရှိသူ ဦးဇော်မိုးလွင် [၁၂/ကတတ(နိုင်) ၀၀၀၄၇၈]တို့သည် အခန်းတန်ဖိုးငွေ တစ်စိတ် တစ်ပိုင်းကိုသာပေးသွင်း၍ ကျန်ရှိသည့်ငွေများကို (၁၀)နှစ်ကျော်ကြာသည်အထိ လာရောက်ပေးသွင်းခြင်းမရှိသည့်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးတို့ရှိ ကြော်ငြာသင်ပုန်းများ၌လည်းကောင်း၊ အထက်ပါ အခန်းများတွင်လည်းကောင်း ဌာနမှ တရားဝင်တိုက်ခန်းဝယ်ယူခွင့်ပယ်ဖျက် ကြောင်း အကြောင်းကြားစာများဖြင့် အသိပေးခဲ့ပြီးဖြစ်ပါသည်။ ဌာနသို့ ပေးသွင်း ထားသည့် အခန်းတန်ဖိုးငွေများကို (၃၁-၁၂-၂၀၂၅ ) ရက်နေ့ နောက်ဆုံးထား၍ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ထုတ်ယူသွားရန်နှင့် သတ်မှတ်ရက် အထိ ထုတ်ယူခြင်းမရှိပါက ဌာနမှ သိမ်းဆည်းသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ကျောင်းကုန်း (၁)လမ်း၊ အမှတ်- ၁၁၂၃ ဟုခေါ်တွင်သော အကျယ်အဝန်း(အလျား ၂၃ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦပါ ရေ၊ မီးနှင့် မြေအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးစိုးဆင့် [၁၂/ကတန (နိုင်) ၀၆၇၆၅၇]က အဆက်အစပ်စာချုပ်များဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင် ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကြည်သာဦး LL.B**

**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၄၈၄/၂၁-၁၂-၂၀၂၁)**

**အမှတ်(၁၉)၊ ရော်ဖီအိမ်ရာ၊ ဗဟိုလမ်းမ၊ (၇)ရပ်ကွက်၊**

**လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း- ၀၉-၇၆၈၂၁၁၁၂၊ ၀၉-၈၈၇၅၈၇၈၈၉**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (ဘ) ကမားလ်ဘိုင်(ခ)ဦးကျော်မြင့်၏သား၊ မုဟမ္မဒ်အိလ်ယားစ်(ခ)ဦးဝင်းချို နှင့် (ဘ) နူးရ်ဘာရှား(ခ) ဦးကျော်မြင့်၏ သမီး မအနီစားဘီ(ခ)ဒေါ်ငွေနှင်းဖြူ [၁၃/နစန (နိုင်) ၁၁၃၁၆၉]တို့သည် (၂၁-၁၂-၂၀၂၅)ရက်နေ့တွင် အိုလမာ-အစ္စလာမ်သာသနာ့ပညာရှင်များ အဖွဲ့ခွဲ၊ မန္တလေးတိုင်းဒေသကြီး (အစ္စလာမ့်ဓမ္မသတ်ခုံရုံး)ရှိ ဆရာကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များရှေ့မှောက်တွင် သွလာက်ဘာအင်န်(ခ) ပြန်လည် ရုပ်သိမ်းခွင့်မရှိသော ကွာရှင်းမှုဖြင့် တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ကွာရှင်းပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင် ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက် စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မုဟမ္မဒ်အိလ်ယားစ် (ခ) ဦးဝင်းချို၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဖြိုးဖြိုးအောင်(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၈၄၃၁)**

**အမှတ်(၆၅)၊ မြို့ပတ်လမ်း၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊**

**တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း- ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၇၉၅၁၅၂၈၇၀**

❖ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်သည် ဆရာများ၏ ပညာအရည်အချင်းနှင့် စိတ်စေတနာ အပေါ်တွင် တည်မှီနေခြင်းကြောင့် မောင်တို့ မယ်တို့အနေဖြင့် ဆရာများတွင်ရှိအပ်သော ဆရာ့ဂုဏ် အင်္ဂါ ခုနစ်ပါးဖြစ်သည့် ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခြင်းထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက် သော ဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေပါက အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆို ပေးနိုင်ခြင်း၊ နက်နဲသောသဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက် တွန်းဘဲ အကျိုးများမည့်နေရာကိုတိုက်တွန်းခြင်း စသည့်ဂုဏ်များနှင့် ပြည့်စုံကြရန်လိုအပ်....

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ၅ နှစ်သင်တန်း အမှတ်စဉ်(၇)မှ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၄၉၄ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ထပ်မံချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၄၉၄ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ **အဆိုပါ KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန် အတွက် လေအိုးမီးအိုးဖြင့်**

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်းမှု မှတ်တမ်းဓာတ်ပုံများ။

## အာဆီယံ ယူ-၁၉ နှင့် ယူ-၁၆ ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်းများ ရှုံးပွဲကြုံတွေ့



၂၀၂၅ အာဆီယံ ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၄

၂၀၂၅ အာဆီယံ ယူ-၁၉ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာဆီယံ ယူ-၁၆ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု ဒုတိယနေ့ကို ဒီဇင်ဘာ ၂၄ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းများ ရှုံးပွဲကြုံတွေ့ခဲ့သည်။

ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပနေသည့် အာဆီယံ ယူ-၁၆ ဖူဆယ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့တွင် အိမ်ရှင်ထိုင်းအသင်းက မြန်မာအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗီယက်နမ်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာအသင်းသည် ဒီဇင်ဘာ ၂၃ ရက်က ကစားသည့် ပထမပွဲတွင် အင်ဒိုနီးရှားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ထားသည်။ ယခုပွဲအပြီးတွင် ထိုင်းအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား လေးမှတ်၊ ဗီယက်နမ်အသင်းက

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍


ယနေ့ ဖတ်စရာ

ကျုံမငေးမြို့အတွင်းရှိ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် Unique ID နံပါတ်များ ထုတ်ပေးလျက်ရှိ — စာမျက်နှာ ၁၁

ဟိုပုံးမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ ကျင်းပ — စာမျက်နှာ ၁၅

ကျိုင်းတုံမြို့နယ် လွိုင်မွေတောင်စခန်းမြို့၌ ပဥ္စမအကြိမ်မြောက် ချယ်ရီပန်းပွဲတော် ဖွင့်ပွဲကျင်းပ — စာမျက်နှာ ၁၆

လွိုင်လင်မြို့နယ်၌ ပထမအကြိမ် ဘိန်းစိုက်ခင်း ၁၆၉၉ ဧက ကို ဖျက်ဆီးနိုင်ခဲ့ — စာမျက်နှာ ၁၈